မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၆ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် ( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၈ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် )

**ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ရဟန်းရှင်လူပြည်သူများက နိုင်ငံတော်သမ္မတထံ ဆန္ဒပြုတင်ပြလာမှုအရ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိရေးဆိုင်ရာဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းများရေးဆွဲခြင်းကို အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်ကြားလာပါသည်။

၂။ ဥပဒေကြမ်းများရေးဆွဲပြုစုရာတွင် ပြီးပြည့်စုံသည့် ဥပဒေကြမ်းများ ဖြစ်နိုင်စေရန် ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံရှိသောပုဂ္ဂိုလ်များ ပါဝင်သည့် ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ ရေးဆွဲသင့်သည့်အတွက် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သည် -

(က) ဦးထွန်းထွန်းဦး — ဥက္ကဋ္ဌ
ဒုတိယရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ခ) ဦးဝင်းမြင့် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဂ) ဒေါက်တာမောင်မောင်ဌေး — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
သာသနာရေးဝန်ကြီးဌာန

(ဃ) ဦးစစ်အေး အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
နိုင်ငံတော်သမ္မတ၏ဥပဒေအကြံပေးအဖွဲ့

(င) ဦးတင်ဝင်း အဖွဲ့ဝင်
သံအမတ်ကြီး (အငြိမ်းစား)

(စ) ဒေါက်တာတိုးလှ အဖွဲ့ဝင်
ပါမောက္ခ (အငြိမ်းစား)
သမိုင်းပညာရှင်

(ဆ) ဒေါ်နန္ဒာမွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သမိုင်းသုတေသနဦးစီးဌာန

(ဇ) ဦးခိုင်အောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(ဈ) ဦးမြင့်ကြိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်သူ့အင်အားဦးစီးဌာန

(ည) ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ) အဖွဲ့ဝင်
စာရေးဆရာ

(ဋ) ဒေါက်တာမြင့်ထွေး အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးပညာရှင်

(ဌ) ဦးဝင်းမြင့် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၃။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရဟန်းရှင်လူပြည်သူတို့ထံက ပေးပို့လာသည့် အကြံပြုချက်များနှင့် ဥပဒေကြမ်းများ ရယူနိုင်ရေး ဆက်သွယ်ဆောင်ရွက်မည့်ပုဂ္ဂိုလ် သတ်မှတ်တာဝန်ပေးရန်၊

(ခ) လိုအပ်ပါက ပွင့်လင်းမြင်သာစွာဖြင့် အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပ၍ ဥပဒေကြမ်းရေးဆွဲရာတွင် ပါဝင်သင့်သော အချက်အလက်များ ဖော်ထုတ်ရန်၊

(ဂ) အောက်ပါအချက်များကို အခြေခံ၍ ဥပဒေကြမ်းရေးဆွဲရန် -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေပြီး ကွဲပြားသော ဘာသာအယူဝါဒရှိနေမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲစေရေးတို့ကို အလေးထားသုံးသပ်ရေးဆွဲရန်၊

(၂) တည်ဆဲဥပဒေများနှင့် ညီညွတ်စေပြီး ချိတ်ဆက်ကျင့်သုံးနိုင်စေရန်၊

(၃) နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ရေရှည်အကျိုးရှိစေပြီး တစ်နိုင်ငံလုံး လွှမ်းခြုံကျင့်သုံး နိုင်စေရန်။

(ဃ) လိုအပ်ပါက ဘာသာရပ်ကျွမ်းကျင်သော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဖိတ်ခေါ်၍ အကြံဉာဏ် ရယူရန်။

၄။ ကော်မရှင်သည် အောက်ပါနည်းလမ်းများကို အသုံးပြု၍ ဥပဒေကြမ်းအား ရေးဆွဲပြုစုရန်ဖြစ်သည် -

(က) ပြည်ပနိုင်ငံများမှ သက်ဆိုင်ရာဥပဒေများအား စိစစ်လေ့လာ၍ မိမိနိုင်ငံ၏ လူ့အဖွဲ့အစည်းနှင့် ဆီလျော်ညီညွတ်သည့်အချက်များကို သုံးသပ်ပြီး ရေးဆွဲပြုစုခြင်း၊

(ခ) မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ကိုက်ညီစေရန် ရေးဆွဲပြုစုခြင်း၊

(ဂ) ရဟန်းရှင်လူပြည်သူများထံမှလည်းကောင်း၊ ဘာသာရပ်ကျွမ်းကျင်သူများထံမှလည်းကောင်း အကြံပြုချက်များ သို့မဟုတ် ဥပဒေကြမ်းများကို ဖိတ်ခေါ်တောင်းခံ၍ အချက်အလက်ရယူပြီး ရေးဆွဲပြုစုခြင်း။

၅။ ဥပဒေကြမ်းရေးဆွဲရေးအတွက် လိုအပ်သောဘဏ္ဍာငွေကို နိုင်ငံတော်သမ္မတရုံး ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၆။ ကော်မရှင်သည် အပြီးသတ်ပြုစုရေးဆွဲပြီးသည့် ဥပဒေကြမ်း ၂ ရပ်ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထက် နောက်မကျစေဘဲ နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ ယင်းဥပဒေကြမ်း ၂ ရပ်အား ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် ကော်မရှင်၏လုပ်ငန်းတာဝန် ပြီးဆုံးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် )

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၁) နှင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၂) တို့ဖြင့် ဖွဲ့စည်းခဲ့သည့် **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယသမ္မတ (၁) | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယသမ္မတ (၂) | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီးများ | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုစာရင်းစစ်ချုပ် | အဖွဲ့ဝင် |

(ဇ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်
ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(စျ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
နိုင်ငံတော်သမ္မတရုံး

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီသည် အောက်ပါလုပ်ငန်း (၈) ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ပါသည် -

(က) လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး။

(ခ) သားငါးထုတ်လုပ်မှုနှင့်ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး။

(ဂ) ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။

(ဃ) အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။

(င) သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။

(စ) ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး။

(ဆ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။

(ဇ) စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့်စိစစ်အကဲဖြတ်ရေး။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် )

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၁)၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၁၁) နှင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၂) တို့ဖြင့် ဖွဲ့စည်းခဲ့သည့် **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင် ဖွဲ့စည်းလိုက်ပါသည် -

(က) ဒုတိယသမ္မတ (၂) — ဥက္ကဋ္ဌ

(ခ) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သမဝါယမဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်
ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ဥက္ကဋ္ဌ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဌ) ဝန်ကြီးချုပ် အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဍ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်
ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(တ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
ဗဟိုစာရင်းအင်းအဖွဲ့
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအား အောက်ဖော်ပြပါ လုပ်ငန်းများအလိုက် သီးသန့်တာဝန်ပေး၍ ဆပ်ကော်မတီများ ဖွဲ့စည်းစေပြီး အထောက်အကူပြုဆောင်ရွက်သွားရန် ဖြစ်ပါသည် -

(က) လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး။

(ခ) သားငါးထုတ်လုပ်မှုနှင့်ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး။

(ဂ) ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။

(ဃ) အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။

(င) သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။

(စ) ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး။

(ဆ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။

(ဇ) စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့်စိစစ်အကဲဖြတ်ရေး။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက် )

**ငွေလဲလှယ်ခြင်းထိန်းချုပ်ရေးဥပဒေကြမ်းရေးဆွဲရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒလမ်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့ပြင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားစေရန် အခွင့်အလမ်းများ ဖွင့်လှစ်ထားရှိပြီး နိုင်ငံတကာစံနှုန်းနှင့်ညီညွတ်သော ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းပေးလျက်ရှိပါသည်။

၂။ ငွေကြေးစီးဆင်းမှုများ စနစ်ကျမှန်ကန်ပြီး စီးပွားရေးတည်ငြိမ်မှုရှိစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစေရန်တို့အတွက် ငွေလဲလှယ်ခြင်းထိန်းချုပ်ရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် **ဥပဒေကြမ်းရေးဆွဲရေးကော်မတီ**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သည် -

(က) ဦးဝင်းရှိန် — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဦးထွန်းထွန်းဦး — ဒုတိယဥက္ကဋ္ဌ
ဒုတိယရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဂ) ဦးဆက်အောင် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဃ) ဦးဝင်းမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(င) ဦးဝင်းသော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားငွေစီမံခန့်ခွဲမှုဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(စ) ဦးဇော်နိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ဒေါက်တာဆွေဆွေအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဇ) ဦးမောင်မောင်ဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

၃။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ပနိုင်ငံများတွင် အောင်မြင်စွာကျင့်သုံးလျက်ရှိသော ဥပဒေပြဋ္ဌာန်းချက်များအား လေ့လာသုံးသပ်ပြီး ဥပဒေကြမ်းရေးဆွဲရာတွင် အသုံးပြုရန်။

(ခ) တည်ဆဲဥပဒေများနှင့် ချိတ်ဆက်ကျင့်သုံးနိုင်အောင် ရေးဆွဲရန်။

(ဂ) လိုအပ်ပါက ပြည်တွင်းပြည်ပရှိ ဘာသာရပ်ကျွမ်းကျင်သော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဖိတ်ခေါ်၍ အကြံဉာဏ်ရယူရန်။

(ဃ) တရားမဝင်ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် အထောက်အကူပြုရန်။

(င) နိုင်ငံခြားငွေစီးဝင်မှုနှင့် စီးထွက်မှုတို့ကြောင့် ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုနှင့် နိုင်ငံ၏မက်ခရိုစီးပွားရေးတည်ငြိမ်မှုတို့ကို ထိခိုက်နိုင်မည့် အခြေအနေများအား ထည့်သွင်းသုံးသပ်ရေးဆွဲရန်။

၄။ ကော်မတီသည် ဥပဒေကြမ်းကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထက် နောက်မကျစေဘဲ နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ ယင်းဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် ကော်မတီ၏လုပ်ငန်းတာဝန် ပြီးဆုံးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက် )

**မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။ )**

၁၃၇၅ ခုနှစ်၊                    လ    ရက်

( ၂၀၁၄ ခုနှစ်၊            လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဗိသုကာပညာ**ဆိုသည်မှာ လူနေမှုဘဝတိုးတက်မြင့်မားမှု၊ ဘေးအန္တရာယ်ကာကွယ်မှု၊ လုံခြုံမှု၊ သက်သောင့်သက်သာရှိမှုနှင့် အသုံးပြုရန် လိုအပ်ချက်ပြည့်စုံမှုသာမက အမြင်တင့်တယ်မှုတို့အတွက်ပါ ရည်ရွယ်၍ ပတ်ဝန်းကျင်ဂေဟစနစ်မပျက်စီးစေသော မြို့ကွက်ဒီဇိုင်းရေးဆွဲစီမံခြင်း၊ အများပြည်သူသုံးအဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများနှင့် ပုဂ္ဂလိကအဆောက်အအုံများအား ဒီဇိုင်းပုံစံထုတ်ဖန်တီးခြင်း၊ တီထွင်ကြံဆခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ပညာရပ်ဖြန့်ဖြူးခြင်းတို့ အပါအဝင် လူမှုဘဝတစ်ခုလုံးရှိ တည်ဆောက်ပတ်ဝန်းကျင်အား ဖန်တီးသော ဗိသုကာလုပ်ငန်းအားလုံးနှင့်ဆက်နွှယ်သည့်ပညာရပ်အားလုံးကို ဆိုသည်။

(ခ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ကောင်စီက အကောင်အထည်ဖော်ရာတွင် ပေါင်းစပ်ညှိနှိုင်းအထောက်အကူပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသော ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ဂ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံဗိသုကာကောင်စီကို ဆိုသည်။

(ဃ) **ကောင်စီဝင်**ဆိုသည်မှာ မြန်မာနိုင်ငံဗိသုကာကောင်စီဝင်တစ်ဦးဦးကို ဆိုသည်။

(င) **ဘုတ်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသောမြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့ကို ဆိုသည်။

(စ) **ဗိသုကာပညာရှင်**ဆိုသည်မှာ ပြည်တွင်း၊ ပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ အပ်နှင်းပြီး ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာပညာဆိုင်ရာ ဘွဲ့ရရှိသူကို ဆိုသည်။

(ဆ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာနည်းပညာဘွဲ့ရရှိထားသူကို ဆိုသည်။

(ဇ) **နည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာ ဒီပလိုမာရရှိထားသူကို ဆိုသည်။

(ဈ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ကျွမ်းကျင်မှတ်ပုံတင် လက်မှတ်နှင့်ဗိသုကာမှတ်ပုံတင်လက်မှတ်များကို ဆိုသည်။

(ည) **ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာဆိုင်ရာတက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံတစ်ခုခုမှအပ်နှင်းသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူအား ဤဥပဒေအရ ကောင်စီက ထုတ်ပေးသောဘွဲ့ရနည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်နှင့် နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်များကို ဆိုသည်။

(ဋ) **ဗိသုကာမှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရကောင်စီကထုတ်ပေးသောမှတ်ပုံတင် ဗိသုကာလက်မှတ်၊ လိုင်စင်ဗိသုကာလက်မှတ်၊ အကြီးတန်းလိုင်စင်ဗိသုကာလက်မှတ်နှင့် မှတ်ပုံတင် နိုင်ငံခြားသားဗိသုကာလက်မှတ်များကို ဆိုသည်။

(ဌ) **မှတ်ပုံတင်ဗိသုကာလက်မှတ်**ဆိုသည်မှာ ဗိသုကာပညာဆိုင်ရာဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူအားလည်းကောင်း၊ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူအားလည်းကောင်း ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဍ) **လိုင်စင်ဗိသုကာလက်မှတ်**ဆိုသည်မှာ မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိပြီး ဗိသုကာပညာရပ် အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော ဗိသုကာပညာရှင်အား ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဎ) **အကြီးတန်းလိုင်စင်ဗိသုကာလက်မှတ်**ဆိုသည်မှာ လိုင်စင်ဗိသုကာလက်မှတ်ရရှိပြီး သတ်မှတ် အရည်အချင်းများနှင့်ပြည့်မီသော ဗိသုကာပညာရှင်အား ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်ကို ဆိုသည်။

(ဏ) **မှတ်ပုံတင်နိုင်ငံခြားသားဗိသုကာလက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားဗိသုကာပညာရှင်အား လုပ်ကိုင်ခွင့်ပြုထားသည့် ဗိသုကာပညာ အမျိုး အစား၊ အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသည့်နေရာဒေသနှင့်အချိန်ကာလ ကန့်သတ်ချက်များဖြင့် ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗိသုကာပညာဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားဗိသုကာပညာရှင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နီတိနှင့် အရည် အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) ဗိသုကာပညာကို အကျိုးရှိထိရောက်စွာ အသုံးချခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့၏ လူနေမှုပတ်ဝန်းကျင်အဆင့်အတန်း မြင့်မားလုံခြုံမှုရှိစေရန်၊

(ဂ) ဗိသုကာပညာနှင့်နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာစံချိန်စံညွှန်း ပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်စည်းရန်တို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းရန်၊

(ဃ) ဗိသုကာပညာတိုးတက်ဖွံ့ဖြိုးရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ နည်းပညာများသင်ကြားရေး၊ လုပ်ငန်းကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အတတ်ပညာများ၊ နည်းပညာများနှီးနှောဖလှယ်ရေး၊ ဗိသုကာပညာဆိုင်ရာအတွေ့အကြုံများ ပြန့်ပွားရေးတို့တွင် ဒေသဆိုင်ရာ အပါအဝင် နိုင်ငံတကာ ပညာရှင်အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ၊ သုတေသနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွင် စနစ်ကျနသော ဦးဆောင်မှုပေးနိုင်ရန်။

## အခန်း (၃)

## မြန်မာနိုင်ငံဗိသုကာကောင်စီဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် မြန်မာနိုင်ငံဗိသုကာကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ဖော်ပြပါ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ပေးအပ်သူများနှင့်အဖွဲ့အစည်းများမှ သင့်လျော်သောအရွေးချယ်ခံဗိသုကာပညာရှင်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | တာဝန်ခံဝန်ကြီးဌာနမှတာဝန်ပေးအပ်သူအရာထမ်း | ၃ ဦး |
| (ခ) | ဗိသုကာပညာနှင့်သက်ဆိုင်သောဝန်ကြီးဌာနမှ ပါမောက္ခအဆင့်နှင့်အထက်အရာထမ်း | ၂ ဦး |
| (ဂ) | နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေးကော်မတီများမှကိုယ်စားလှယ် | ၃ ဦး |
| (ဃ) | မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတွင်းရေးမှူး | ၃ ဦး |
| (င) | မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်းမှကိုယ်စားလှယ် | ၁၀ ဦး |
| (စ) | ဝါရင့်ဗိသုကာပညာရှင်ကြီး | ၄ ဦး |

၅။ ကောင်စီဝင်များသည် ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဆယ့်လေးဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ရမည်။

၆။ ကောင်စီဝင်များသည် ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဆယ့်လေးဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း စုစုပေါင်းနှစ်ဆယ့်တစ်ဦးပါဝင်စေလျက် မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၇။ ကောင်စီနှင့်ကောင်စီဝင်များ၏ သက်တမ်းကို အောက်ပါအတိုင်း သတ်မှတ်ရမည် -

(က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) အရွေးချယ်ခံကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(င) ကောင်စီဝင်တစ်ဦး၏နေရာ လစ်လပ်သည့်အခါ ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများနှင့် အညီ ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် လက်ရှိ ကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(စ) သက်တမ်းကုန်ဆုံးသည့်အခါ လက်ရှိကောင်စီသည် ကောင်စီအသစ်ဖွဲ့စည်းပြီး တာဝန်ထမ်းဆောင်ချိန် အထိ လုပ်ငန်းတာဝန်များကိုဆက်လက်ထမ်းဆောင်ရမည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီက အသိအမှတ်ပြုသော ဗိသုကာပညာဆိုင်ရာဘွဲ့၊ ဗိသုကာနည်းပညာဘွဲ့နှင့် ဗိသုကာ ဒီပလိုမာများကို အခါအားလျော်စွာထုတ်ပြန်ကြေညာခြင်း၊

(ခ) နိုင်ငံတကာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ဗိသုကာပညာနှင့် သက်ဆိုင်သော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပညာရေးအဖွဲ့များကို အသိအမှတ်ပြုအမည်စာရင်း ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အကူအညီ ပေးခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန်အလို့ငှာ ပြည်တွင်းပြည်ပရှိ ဗိသုကာ ပညာ၊ နည်းပညာ၊ အင်ဂျင်နီယာဆိုင်ရာတက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံတစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာရရှိသူများကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန်အလို့ငှာ ဗိသုကာပညာဆိုင်ရာဘွဲ့၊ ဗိသုကာနည်းပညာဘွဲ့နှင့် ဗိသုကာဒီပလိုမာရရှိသူများ တတ်မြောက်ရန်လိုအပ်သော အရည်အချင်း များကို သတ်မှတ်ခြင်း၊

(င) ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်း ရမည့် ကျင့်ဝတ်သိက္ခာများ သတ်မှတ်ခြင်းနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်း၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်းပြုစုထားရှိခြင်းနှင့်ယင်းစာရင်းကို အခါ အားလျော်စွာထုတ်ပြန်ခြင်း၊

(ဇ) ဗိသုကာပညာနှင့်နည်းပညာဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေး၊ အဆင့်အတန်းထိန်းသိမ်း မြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများနှင့် ဗိသုကာပညာဆိုင်ရာကျင့်ထုံးများ ပြုစုရေးအတွက် တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) ဗိသုကာပညာနှင့်နည်းပညာဆိုင်ရာသင်ကြားမှု၊ အဆင့်အတန်းမြင့်မားစေရန်နှင့် အရည်အသွေး ပြည့်ဝသော ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်စေရန် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော ဗိသုကာပညာနှင့်နည်းပညာဆိုင်ရာ ပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(ည) ဗိသုကာပညာနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ်လေ့လာသင်ကြားမှုရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့်ပံပိုးကူညီခြင်း၊

(ဋ) ဗိသုကာပညာနှင့်နည်းပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတွေ့နှင့်လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့ အစည်းအဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ဌ) ဗိသုကာပညာနှင့်နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာန သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့်ပံ့ပိုးကူညီခြင်း၊

(ဍ) ပြည်တွင်းပြည်ပအတိုင်ပင်ခံ ဗိသုကာပညာရှင်များနှင့် ဗိသုကာပညာဆိုင်ရာလုပ်ငန်းနှင့် သက်ဆိုင်သော ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှုရှိ၊ မရှိ စိစစ်ရန်တာဝန်ခံဝန်ကြီးဌာနမှ အကြောင်းကြားလာပါက စိစစ်၍ သဘောထားပြန်ကြားခြင်း၊

(ဎ) ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဏ) မှတ်ပုံတင်အရာရှိချုပ် ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(တ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း -

(၁) မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ၊

(၂) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၃) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၄) စံချိန်စံညွှန်းနှင့်ဗိသုကာပညာဆိုင်ရာကျင့်ထုံးများပြုစုရေးလုပ်ငန်းကော်မတီ၊

(၅) ဗိသုကာပညာစဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းကော်မတီ၊

(၆) ဗိသုကာပညာဆိုင်ရာကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်၍ အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၊

(၇) အခြားလိုအပ်သောလုပ်ငန်းကော်မတီများ။

(ခ) ဗိသုကာပညာအလိုက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သောစည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်နှင့်စပ်လျဉ်း၍ သတ်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတကာနှင့်ဒေသဆိုင်ရာရှိ ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ နည်းပညာကျွမ်းကျင်သူများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဘုတ်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

## အခန်း (၅)
## ကောင်စီဝင်အဖြစ်မှရပ်စဲခြင်း

၁၁။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ် ပေါက်သည့်အခါ ကောင်စီသည် ဘုတ်အဖွဲ့၏အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီအစည်းအဝေး သို့မဟုတ် ဘုတ်အဖွဲ့အစည်းအဝေးသို့ တက်ရောက်ရန် သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း၊

(ဂ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီနှင့် ခြောက်လနှင့်အထက် ကင်းကွာခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(င) ကိုယ်ကျင့်တရားပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(စ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊

(ဆ) ကွယ်လွန်ခြင်း။

## အခန်း (၆)
## အစည်းအဝေးများ ကျင်းပခြင်း

၁၂။ အစည်းအဝေးများကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် တစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ခ) ဘုတ်အဖွဲ့အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

(ဂ) ကောင်စီဝင်ဦးရေ၏ အနည်းဆုံး လေးပုံတစ်ပုံက စာဖြင့်ရေးသားတောင်းဆိုလျှင် အထူးအစည်းအဝေးကို ခေါ်ယူပေးခြင်း။

၁၃။ ဘုတ်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးအစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၁၄။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ ခြောက်လလျှင် တစ်ကြိမ် အသိပေးတင်ပြရမည်။ လိုအပ်ပါက အခါအားလျော်စွာ အသိပေးတင်ပြနိုင်သည်။

## အခန်း (၇)
## ဘဏ္ဍာရေး

၁၅။ ကောင်စီသည် -

(က) ကောင်စီ၊ ဘုတ်အဖွဲ့၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့များနှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ ဘုတ်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ခံစားခွင့်ပြုနိုင်သည်။

၁၆။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသောငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိအဖွဲ့အစည်းနှင့်အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၁၇။ ကောင်စီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၁၈။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

## အခန်း (၈)
## ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်

၁၉။ ပြည်တွင်းပြည်ပရှိဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာဆိုင်ရာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုက အပ်နှင်းသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူသည် ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၀။ (က) ကောင်စီ၏ ကိုယ်စားဘုတ်အဖွဲ့သည် ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်လျက်ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်အခါ ယင်းကျွမ်းကျင်မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၁။ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ရရှိသူသည် မိမိ၏ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့်ကာလ ကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

၂၂။ ကောင်စီ၏ ကိုယ်စားဘုတ်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၉)
## ဗိသုကာမှတ်ပုံတင်လက်မှတ်

၂၃။ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာဆိုင်ရာတက္ကသိုလ်နှင့် ကောလိပ်တစ်ခုခုက အပ်နှင်းသော ဗိသုကာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရရှိထားပြီး ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၄။ (က) ကောင်စီ၏ကိုယ်စားဘုတ်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်လျက် မှတ်ပုံတင်ဗိသုကာလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်ဗိသုကာလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ဗိသုကာလက်မှတ်ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်ဗိသုကာလက်မှတ်၏သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၅။ (က) မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလပြည့်မြောက်သည့်အခါ လိုင်စင်ဗိသုကာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စားဘုတ်အဖွဲ့သည် ဗိသုကာပညာအလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ သတ်မှတ်အရည်အချင်းများပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်လျက် လိုင်စင်ဗိသုကာလက်မှတ်ထုတ်ပေးရမည်။

၂၆။ (က) လိုင်စင်ဗိသုကာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလပြည့်မြောက်သည့်အခါ အကြီးတန်းလိုင်စင်ဗိသုကာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ ကိုယ်စားဘုတ်အဖွဲ့သည် သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်လျက် အကြီးတန်းလိုင်စင်ဗိသုကာလက်မှတ် ထုတ်ပေးရမည်။

၂၇။ (က) ဗိသုကာမှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိသူသည် မိမိ၏ ဗိသုကာမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့်ကာလ ကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား ဘုတ်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ သက်ဆိုင်ရာဗိသုကာမှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၈။ (က) နိုင်ငံခြားသားဗိသုကာပညာရှင်သည် မှတ်ပုံတင်နိုင်ငံခြားသားဗိသုကာလက်မှတ်ကို ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စားဘုတ်အဖွဲ့သည် သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီသည့် နိုင်ငံခြားသားဗိသုကာပညာရှင်အား သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များသတ်မှတ်လျက် မှတ်ပုံတင်နိုင်ငံခြားသားဗိသုကာလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်နိုင်ငံခြားသားဗိသုကာလက်မှတ်ထုတ်ပေးပါက လုပ်ကိုင်ခွင့်ပြုသည့် ဗိသုကာပညာအမျိုးအစား၊ လုပ်ကိုင်ခွင့်ပြုသည့်နေရာဒေသနှင့် အချိန်ကာလကန့်သတ်ချက်များကို ဖော်ပြရမည်။

## အခန်း (၁၀)
## မှတ်ပုံတင်လက်မှတ်ရရှိသူများ၏ တာဝန်နှင့်အခွင့်အရေး

၂၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မိမိပညာရပ်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့် ဗိသုကာပညာနှင့်နည်းပညာဆိုင်ရာလုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

(ဃ) မိမိရရှိထားသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့်ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်။

(င) ကောင်စီ၏လုပ်ငန်းတာဝန်များတိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(စ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

(ဆ) နိုင်ငံသားဗိသုကာပညာရှင်သည် ကောင်စီက သတ်မှတ်သည့်အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

## အခန်း (၁၁)
## စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၃၀။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့်ညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ဘုတ်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သင့်လျော်သောဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း။

## အခန်း (၁၂)
## အယူခံခြင်း

၃၁။ ဘုတ်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သောပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၂။ ကောင်စီသည် ပုဒ်မ ၃၀ အရ အယူခံမှုတွင် ဘုတ်အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၁၃)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်မရှိဘဲ ဗိသုကာပညာဆိုင်ရာလုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်ခြင်းမပြုရ။

၃၄။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမျှ မိမိရရှိသည့် အဆင့်အတန်းနှင့်မလျော်ညီသော အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့်ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။

၃၅။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမျှ -

(က) မိမိ၏မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ။

(ခ) မိမိ၏မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့်ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက အဆိုပါပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၆။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့်ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့်အမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၄)
## အထွေထွေ

၄၀။ ပုဒ်မ ၃၂ ပါ တားမြစ်ချက်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် ခန့်အပ်ထားသည့် ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများက မိမိ၏ဌာနဆိုင်ရာဗိသုကာ လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်မသက်ဆိုင်စေရ။

၄၁။ ကောင်စီသည် ကောင်စီ၊ ဘုတ်အဖွဲ့၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ရုံးအဖွဲ့မှူးတစ်ဦးနှင့် ဒုတိယရုံးအဖွဲ့မှူးတစ်ဦး၊

(ခ) မှတ်ပုံတင်အရာရှိချုပ်တစ်ဦး၊

(ဂ) ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ပမာဏနှင့်ညီမျှသော ဝန်ထမ်းများ။

၄၂။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် ခန့်အပ်ထားသည့် ဗိသုကာပညာရှင်၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားနိုင်သည်။

၄၃။ ဤဥပဒေမပြဋ္ဌာန်းမီကတည်ရှိခဲ့သော မြန်မာနိုင်ငံဗိသုကာဘုတ်အဖွဲ့က ဗိသုကာပညာရှင်တစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းသည် ဤဥပဒေနှင့်အညီ ထုတ်ပေးသော မှတ်ပုံတင် လက်မှတ်နှင့် သက်တမ်းဟု မှတ်ယူရမည်။

၄၄။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်သည့် ကောင်စီဝင်၊ ဘုတ်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးအား တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၄၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ ဘုတ်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူ ရမည်။

၄၆။ ဤဥပဒေအရပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၇။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းထောက်ပံ့ကူညီပေးရမည်။

၄၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်း၍ လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၄)၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။ ) မှအဆက် ]**

## အခန်း (၇)
## စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များ

၈။ စီးပွားရေးလုပ်ငန်းရှင်သည် အောက်ပါတို့ကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ဆောင်ရွက်ခြင်းမပြုရ -

(က) သက်ဆိုင်ရာကုန်စည်၏ သတင်းအချက်အလက် သို့မဟုတ် တံဆိပ်အမှတ်အသားပေါ်တွင် ဖော်ပြထားသော အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ အကျိုးသက်ရောက်မှု၊ အသားတင်အလေးချိန်၊ အသားတင်ထုထည်၊ စုစုပေါင်းပမာဏ၊ အရည်အသွေး၊ အဆင့်အတန်း၊ ဖွဲ့စည်းပုံ၊ ပြုလုပ်ပုံနည်းလမ်း၊ ပုံစံတို့နှင့် ကိုက်ညီမှုမရှိသောကုန်စည်၊

(ခ) တံဆိပ်အမှတ်အသားပါအချက်အလက် သို့မဟုတ် ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသောကုန်စည်၊

(ဂ) အမည်၊ အရွယ်အစား၊ အသားတင်အလေးချိန်၊ ထုထည်၊ ဖွဲ့စည်းပုံ၊ ညွှန်ကြားချက်၊ ထုတ်လုပ်သည့်ရက်စွဲနှင့် ထုတ်လုပ်သည့်အမှတ်စဉ်၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့် ကုမ္ပဏီအမည်နှင့်လိပ်စာ၊ ရောင်းချဖြန့်ဖြူးသူအမည်၊ အမှတ်တံဆိပ်၊ သတင်းအချက်အလက်နှင့် ကြိုတင်သတိပေးချက်တို့ မပါရှိသောကုန်စည်၊

(ဃ) သုံးစွဲပုံနှင့်ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို ဗဟိုကော်မတီက သတ်မှတ်ထားသောနေ့ရက်မှစ၍ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြထားခြင်းမရှိသောကုန်စည်၊

(င) မူလထွက်ရှိသည့်နေရာ သို့မဟုတ် ထုတ်လုပ်သည့်နေရာနှင့်စပ်လျဉ်း၍ မမှန်မကန်ဖော်ပြထားသည့်ကုန်စည်၊

(စ) ပြည်တွင်းပြည်ပအသိအမှတ်ပြုဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံချက်အရဖြစ်စေ၊ သတ်မှတ်ထားသော စံသတ်မှတ်ချက်များအရဖြစ်စေ ကိုက်ညီမှုမရှိသောကုန်စည်၊

(ဆ) သက်ဆိုင်ရာအဖွဲ့အစည်းက သိပ္ပံနည်းကျသုတေသနပြုဆောင်ရွက်ချက်၊ တွေ့ရှိချက်အထောက်အထားများ မရှိဘဲ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာအာမခံချက်များ ဖော်ပြထားသည့်ကုန်စည်၊

(ဇ) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသောကုန်စည်၊

(ဈ) သက်ဆိုင်ရာဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်တွင် ဖော်ပြထားသော အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ ကာလသတ်မှတ်ချက်၊ အကျိုးသက်ရောက်မှုတို့နှင့် ကိုက်ညီမှုမရှိသောဝန်ဆောင်မှု၊

(ည) ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့်ကိုက်ညီမှုမရှိသောဝန်ဆောင်မှု။

၉။ စီးပွားရေးလုပ်ငန်းရှင်သည် အောက်ပါအခြေအနေများတွင် ဝယ်ယူသူ သို့မဟုတ် အသုံးပြုသူအား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ ရောင်းချရန် ကမ်းလှမ်းခြင်းသော်လည်းကောင်း၊ အရောင်းမြှင့်တင်ခြင်းသော်လည်းကောင်း၊ ကြော်ငြာခြင်းသော်လည်းကောင်း မပြုလုပ်ရ -

(က) ထုတ်ဖော်ညွှန်းဆိုထားသော အရည်အသွေးစံချိန်စံညွှန်း၊ ပုံစံ သို့မဟုတ် နည်းလမ်း၊ ထူးခြားသောလက္ခဏာ၊ အသုံးပြုမှုတို့နှင့် ကိုက်ညီမှုမရှိသည့် ဈေးနှုန်းလျှော့ပေးထားသောကုန်စည် သို့မဟုတ် အထူးဈေးနှုန်းသတ်မှတ်ထားသောကုန်စည်ဖြစ်ခြင်း၊

(ခ) သစ်လွင်ကောင်းမွန်သော အခြေအနေတွင်မရှိသော ကုန်စည်ဖြစ်ခြင်း၊

(ဂ) အခြားကုမ္ပဏီတစ်ခုခု၏ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ခိုင်မာသောထောက်ပံ့မှုနှင့် အာမခံမှု ပြုခြင်း၊

(ဃ) အသုံးမပြုနိုင်သော သို့မဟုတ် မရရှိနိုင်သောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း၊

(င) အပြစ်အနာအဆာ၊ ချွတ်ယွင်းချက်များကို ဖုံးကွယ်ထားသည့်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဖြစ်ခြင်း၊

(စ) အခြားသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ချိုးနှိမ်ဖော်ပြခြင်း၊

(ဆ) သတင်းအချက်အလက်အပြည့်အစုံ ခိုင်မာမှုမရှိသော ချဲ့ကားဖော်ပြမှုများကို အသုံးပြုခြင်း၊

(ဇ) မသေချာမရေရာသော ကတိကဝတ်ပြုမှုများဖြင့် ကမ်းလှမ်း၍ ရောင်းချသော သို့မဟုတ် ပေးအပ်သောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း။

၁၀။ စီးပွားရေးလုပ်ငန်းရှင်သည် ရောင်းဝယ်မှုပြုလုပ်ရာတွင် စားသုံးသူအား အောက်ပါအခြေအနေ တစ်ခုခုဖြင့် လိမ်လည်လှည့်ဖြားမှုမပြုရ -

(က) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုသည် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီ သည်ဟု မမှန်မကန်ဖော်ပြခြင်း၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ ချွတ်ယွင်းချက်ကို ဖုံးကွယ်ဖော်ပြခြင်း၊

(ဂ) ကမ်းလှမ်းထားသော ကုန်စည်မဟုတ်ဘဲ အခြားကုန်စည်ကို အစားထိုးရောင်းချခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအား အရောင်းမြှင့်တင်ရောင်းချခြင်းမပြုလုပ်မီ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ဈေးနှုန်းများကို တိုးမြှင့်ခြင်း၊

(င) နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ ကျော်လွန်နေသောကုန်စည်ကို ပြုပြင်မွမ်းမံ၍ ရောင်းချခြင်း၊ ရောနှော ရောင်းချခြင်း၊

(စ) အမျိုးအစားတူ အရည်အသွေးနိမ့်ကုန်စည်ကို ရောနှောရောင်းချခြင်းနှင့် အမျိုးအစားမတူ စားသုံးရန်မသင့်သောကုန်စည်ကို ရောနှောရောင်းချခြင်း။

၁၁။ စီးပွားရေးလုပ်ငန်းရှင်သည် မူလက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သတ်မှတ်ထားသောကာလ အတွင်း ရောင်းချရန် သို့မဟုတ် ကမ်းလှမ်းထားသော၊ အရောင်းမြှင့်တင်ထားသော၊ ကြေညာထားသော ပမာဏ၊ အရေအတွက်အတိုင်း ရောင်းချရန် အစီအစဉ်မရှိဘဲ ယင်းတို့ကို အချိန်ကာလတစ်ခုအတွင်း အထူး ဈေးနှုန်းဖြင့် ရောင်းချရန် ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် ကြေညာခြင်းတို့ မပြုရ။

၁၂။ စီးပွားရေးလုပ်ငန်းရှင်သည် အခြားကုန်စည်ကို ဆုကြေးအနေဖြင့်ပေးရန် သို့မဟုတ် အခမဲ့ဝန်ဆောင်မှု ပေးရန် ကတိပြုထားသော်လည်း အမှန်တကယ်ပေးအပ်နိုင်ခြင်းမရှိပါက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရန် ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်း သို့မဟုတ် ကြေညာခြင်း မပြုရ။

၁၃။ စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ အနှောင့်အယှက်ဖြစ်စေမည့် နည်းလမ်းတစ်ခုခုဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအား ရောင်းချရန် ကမ်းလှမ်းခြင်း သို့မဟုတ် ကြေညာခြင်း မပြုရ။

၁၄။ စီးပွားရေးလုပ်ငန်းရှင်သည် အောက်ပါကြော်ငြာအမျိုးအစားများကို ကြော်ငြာခြင်းမပြုလုပ်ရ -

(က) ကုန်စည်၏ အရည်အသွေး၊ အရေအတွက်၊ ကုန်စည်တွင် ပါဝင်သောပစ္စည်းများ၊ ကုန်စည်အား အသုံးပြုပုံ၊ ကုန်စည်၏ဈေးနှုန်း၊ ဝန်ဆောင်မှုနှုန်းထားနှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပေးအပ်နိုင်သည့်အချိန်တို့နှင့်စပ်လျဉ်း၍ စားသုံးသူများအား လိမ်လည်ထားသောကြော်ငြာများ၊

(ခ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အာမခံပေးထားမှုအပေါ် လိမ်လည်ထားသောကြော်ငြာများ၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မဟုတ်မမှန်သောသတင်းအချက်အလက်များ ပါဝင်သည့် ကြော်ငြာများ၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းဖြင့် အန္တရာယ်ရှိမှုအား အသိပေးခြင်းမရှိသော ကြော်ငြာများ၊

(င) သက်ဆိုင်သူ၏ ခွင့်ပြုချက်မရရှိဘဲ တစ်စုံတစ်ဦး သို့မဟုတ် အဖြစ်အပျက်တစ်ခုအပေါ် အသုံးပြု ထားသော ကြော်ငြာများ၊

(စ) ဥပဒေပြဋ္ဌာန်းချက်များ၊ လူမှုကျင့်ဝတ်များကို ဖောက်ဖျက်သည့် ကြော်ငြာများ။

၁၅။ စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ကြော်ငြာလုပ်ငန်းဆောင်ရွက်သူတို့သည် မိမိတို့ကြော်ငြာ၏ အကျိုးဆက်များကို တာဝန်ယူရမည်။

## အခန်း (၈)

## စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ ဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ဖွဲ့စည်းရမည်။

၁၇။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စားသုံးသူအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းပေးခြင်း၊ ဖြေရှင်းပေးခြင်း၊

(ခ) စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်းသော အသိပညာဗဟုသုတများကို စားသုံးသူအား ဖြန့်ဖြူးပေးခြင်း၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ၏ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့် သော်လည်းကောင်း တိုင်ကြားမှုကို လက်ခံစစ်ဆေးခြင်း၊

(ဃ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၉)

## စားသုံးသူအငြင်းပွားမှုအား ဖြေရှင်းခြင်း

၁၈။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စားသုံးသူအငြင်းပွားမှုများကို ဖြေရှင်းရာတွင် အောက်ပါ တို့ကို ဆောင်ရွက်ရမည် -

(က) ဖောက်ဖျက်ကျူးလွန်သည်ဟု စွပ်စွဲခံရသော စီးပွားရေးလုပ်ငန်းရှင်ကို ခေါ်ယူစစ်ဆေးခြင်း၊

(ခ) စားသုံးသူအငြင်းပွားမှုကို သိရှိသော ပုဂ္ဂိုလ်၊ မျက်မြင်သက်သေများနှင့် ကျွမ်းကျင်သူတို့ကို ခေါ်ယူ စစ်ဆေးခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရာ၌ လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားသက်သေခံပစ္စည်းများကို စစ်ဆေး ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဃ) စားသုံးသူဘက်မှ ဆုံးရှုံးမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(င) စားသုံးသူအငြင်းပွားမှုတွင် ကျူးလွန်ဖောက်ဖျက်သော စီးပွားရေးလုပ်ငန်းရှင်ကို စားသုံးသူ အကာ အကွယ်ပေးရေးနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်ကို အသိပေးအကြောင်းကြားခြင်း၊

(စ) ပုဒ်မ ၈ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူခြင်း။

## အခန်း (၁၀)

## စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်

၁၉။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၈ တွင် ဖော်ပြထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက အောက်ပါအရေးယူမှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသောအရေးယူမှုများကိုဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ပြင်းထန်စွာသတိပေးခြင်း၊

(ဂ) လျော်ကြေးပေးစေခြင်း၊

(ဃ) အငြင်းပွားလျက်ရှိသောကုန်စည်ကို ရောင်းချဖြန့်ဖြူးခြင်းအား ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊

(င) ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း၊

(စ) စားသုံးသူတို့အား ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော ကုန်စည်များကို ဖျက်ဆီးစေခြင်း၊

(ဆ) လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၂၀။ ပုဒ်မ ၁၉ ပါ အရေးယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။

၂၁။ ဗဟိုကော်မတီသည် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၂။ ဦးစီးဌာနသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချမှတ်ထားသောအမိန့်အရ လျော်ကြေးပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံခွင့်ရှိသည်။ ထိုသို့ကောက်ခံရာတွင် သင့်လျော်သောအရာရှိတစ်ဦးဦးကို ကော်လိတ္တော်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

## အခန်း (၁၁)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၃။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၄။ ပုဒ်မ ၂၃ အရ ပြစ်ဒဏ်ကျခံစေရကာမူ စားသုံးသူသည် မိမိ၏နစ်နာမှုအတွက် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

## အခန်း (၁၂)

## အထွေထွေ

၂၅။ ကုန်စည်ရောင်းချသူသည် ဝယ်ယူသည့် ကုန်စည်အတွက် ဝယ်ယူသူအား ပြေစာပေးအပ်ရမည်။ ပြေစာတွင် ဝယ်ယူသူ လိပ်စာ၊ အမည်၊ ဝယ်ယူသည့်နေ့စွဲ၊ ဝယ်ယူသည့်ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ ပစ္စည်းတစ်ခုချင်းအတွက် ကျသင့်ငွေပမာဏ၊ အခွန်ကဲ့သို့သော သီးခြားဖော်ပြချက် အပါအဝင် စုစုပေါင်း ကျသင့်ငွေပမာဏ၊ ကုန်စည်မော်ဒယ်နံပါတ်၊ ထုတ်လုပ်သည့်နေရာဒေသနှင့် သက်ဆိုင်ရာက သတ်မှတ်ထားသော အခြားအချက်အလက်များ ပါဝင်ရမည်။

၂၆။ စီးပွားရေးလုပ်ငန်းရှင်သည် ပုဒ်မ ၉ ပါ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်မရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာလျှင် ဆောင်ရွက်ရမည်။

၂၈။ ဗဟိုကော်မတီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် စံချိန်စံညွှန်းများကို သီးခြားကျွမ်းကျင်မှုအဖွဲ့များ ဖွဲ့စည်း၍ဖြစ်စေ၊ သက်ဆိုင်ရာတည်ဆဲဥပဒေများအရ ခန့်အပ်တာဝန်ပေးထားသော စစ်ဆေးရေးအဖွဲ့အစည်းများ၊ ဖွဲ့စည်းတည်ထောင်ထားသော ဓာတ်ခွဲခန်းများအား ရွေးချယ်သတ်မှတ်၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

၂၉။ (က) ဗဟိုကော်မတီသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့် ဌာနနှင့်အဖွဲ့အစည်းများကို အသိအမှတ်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဗဟိုကော်မတီက အသိအမှတ်ပြုသော ဌာနနှင့်အဖွဲ့အစည်းတစ်ခုခု၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်သည် အပြီးသတ်သက်သေခံချက် ဖြစ်စေရမည်။

၃၀။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စားသုံးသူအငြင်းပွားမှုများကို ဆုံးဖြတ်ဖြေရှင်း ဆောင်ရွက်ရာတွင် လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော စားသုံးသူ အကာအကွယ်ပေးရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အကြံဉာဏ်များကို ရယူဆောင်ရွက်နိုင်သည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက် )

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁။ )**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စီရင်ပိုင်ခွင့်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသူက ပြည်ပတွင် ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဗဟိုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ခ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို စုံစမ်းအရေးယူနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဂ) **စိစစ်ရေးအဖွဲ့**ဆိုသည်မှာ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က ဖွဲ့စည်းပေးသောအဖွဲ့ကို ဆိုသည်။

(ဃ) **စုံစမ်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဗဟိုအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ကို ဆိုသည်။

(င) **သတင်းပို့အဖွဲ့အစည်း**ဆိုသည်မှာ ဤဥပဒေက သတင်းပို့ရန် သတ်မှတ်ထားသည့်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဗဟိုအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတင်းပို့ရန် သတ်မှတ်တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းလည်း ပါဝင်သည်။

(စ) **ကြီးကြပ်ရေးအာဏာပိုင်**ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဤဥပဒေအရ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်ရန် ဗဟိုအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဆ) **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း**ဆိုသည်မှာ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် အခြားသက်ဆိုင်သောဥပဒေများအရ တည်ထောင်ထားသောဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူတစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့် အခြားအဖွဲ့အစည်းများလည်း ပါဝင်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်း၊

(၂) ပစ္စည်းသိမ်းဆည်းခြင်း အပါအဝင် ကူးသန်းရောင်းဝယ်ရေးဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူချေးငွေ၊ အပေါင်ဖြင့် ချေးငွေများ အပါအဝင် ငွေထုတ်ချေးခြင်း၊

(၃) စားသုံးသူဆိုင်ရာဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါး ငွေချေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာအခွင့်အရေးကို ငှားရမ်းခြင်း၊

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကို လွှဲပြောင်းပေးခြင်း၊

(၅) အကြွေးဝယ်ကတ်နှင့် မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရောနစ်နည်းလမ်းများဖြင့် ငွေပေးချေခြင်း၊ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၆) ငွေရေးကြေးရေးဆိုင်ရာအာမခံနှင့်ကတိစာချုပ်များ ထုတ်ဝေခြင်း၊

(၇) အောက်ပါငွေရေးကြေးရေးစာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း -

(ကက) ချက်လက်မှတ်များ၊ ငွေပေးအမိန့်လက်မှတ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွားစာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့် ဈေးနှုန်းညွှန်းကိန်းစာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အပါအဝင် ငွေကြေးဈေးကွက်စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း၊

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်းရောင်းဝယ်ခြင်း။

(၈) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရာတွင် ပါဝင်ခြင်းနှင့် အဆိုပါကိစ္စရပ်များတွင် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊

(၉) ရင်းနှီးမြှုပ်နှံမှုတစ်ခုချင်းကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုအားလုံးကိုဖြစ်စေ စီမံခန့်ခွဲခြင်း၊

(၁၀) အာမခံသေတ္တာများ လက်ခံထိန်းသိမ်းခြင်းနှင့် အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သောငွေချေးသက်သေခံလက်မှတ်များ စီမံခန့်ခွဲပေးခြင်း၊

(၁၁) အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ဘဏ္ဍာရန်ပုံငွေများ စီမံခန့်ခွဲခြင်း သို့မဟုတ် စီမံအုပ်ချုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(၁၂) ကိုယ်စားလှယ်များနှင့် တစ်ဆင့်ကြားခံဆောင်ရွက်ပေးသူများက အာမခံလုပ်ငန်း ကြားခံဝန်ဆောင်မှုပေးခြင်း အပါအဝင် အခြားရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်နေသည့် အာမခံလုပ်ငန်း၊ အသက်နှင့်အထွေထွေအာမခံလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊

(၁၃) ငွေကြေးနှင့်ငွေများ လဲလှယ်ဆောင်ရွက်ခြင်း။

(ဓ) **သဏ္ဍာန်ဆောင်ဘဏ်**ဆိုသည်မှာ နိုင်ငံအတွင်း တရားဝင်စီးပွားရေးလုပ်ငန်းအဖွဲ့ တည်ထောင်ထားပြီး လိုင်စင်ရယူထားခြင်း သို့မဟုတ် အခြေစိုက်ထားခြင်းဖြစ်သော်လည်း ရုပ်ဒြပ်အရ တည်ရှိနေခြင်းမရှိသည့်အပြင် ထိရောက်ခိုင်မာစွာ ကြီးကြပ်မှုခံရသော ငွေရေးကြေးရေးအုပ်စုတစ်ခုနှင့် ပေါင်းစည်းထားခြင်းမရှိသည့်ဘဏ်ကို ဆိုသည်။

(န) **တစ်ဦးတစ်ယောက်သောသူ၊ သူတစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်**ဆိုရာတွင် ဥပဒေအရ ဖွဲ့စည်းသည်ဖြစ်စေ၊ မဖွဲ့စည်းသည်ဖြစ်စေ ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လူတစ်စုလည်း ပါဝင်သည်။

(ပ) **အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်**ဆိုသည်မှာ မူလအဓိကပိုင်ဆိုင်သူကိုဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအား ထိန်းချုပ်သူကိုဖြစ်စေ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုကို မိမိကိုယ်စား အခြားသူတစ်ဦးက ဆောင်ရွက်စေသည့်သူတစ်ဦးကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ခုခုကို ထိရောက်သောထိန်းချုပ်မှုပြုလုပ်သည့်သူတစ်ဦးလည်း ပါဝင်သည်။

(ဖ) **ဆက်သွယ်ဆောင်ရွက်သူ**ဆိုသည်မှာ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူကို ဆိုသည် -

(၁) ငွေလွှဲပြောင်းခြင်း၊ ဘဏ်စာရင်းဖွင့်လှစ်ခြင်း သို့မဟုတ် ကတိကဝတ်ပြုခြင်း ဆောင်ရွက်သူ၊

(၂) ငွေလွှဲခြင်း သို့မဟုတ် ငွေစာရင်းတွင် လက်မှတ်ရေးထိုးသူ၊

(၃) ငွေလွှဲရန် တာဝန်ပေးအပ်ခံရသူ၊ ငွေလွှဲပြောင်းသူ၊ ငွေလွှဲရန် အခွင့်အရေးရှိသူ သို့မဟုတ် တာဝန်ရှိသူ၊

(၄) ငွေလွှဲပြောင်းရန် သို့မဟုတ် ငွေစာရင်းအား ထိန်းချုပ်ရန် အခွင့်အာဏာရှိသူ၊

(၅) ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၄) အထိပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် အားထုတ်သူ။

(ဗ) **ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူ**ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ အများပြည်သူဆိုင်ရာလုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ဘ) **အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်သည့် ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် အဆင့်မြင့်အဖွဲ့ဝင်ဖြစ်သူ၊ အလားတူလုပ်ငန်းများတွင် ယင်းအဆင့်နှင့်ညီမျှသော အဖွဲ့ဝင်ဖြစ်သူ သို့မဟုတ် ယင်းလုပ်ငန်းဆောင်ရွက်ရန် ယုံကြည်ခြင်းခံရသူနှင့် ယင်း၏မိသားစုဝင်များ သို့မဟုတ် ယင်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူတို့ကို ဆိုသည်။

( ပ ) **ငွေကြေးခဝါချမှု**ဆိုသည်မှာ အောက်ပါအချက်တစ်ရပ်ရပ် ကျူးလွန်ခြင်းကို ဆိုသည် -

(၁) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်သည်ဟု သိရှိလျက်နှင့်ဖြစ်စေ၊ သိရှိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ဇာစ်မြစ်ကို အသွင်ပြောင်းလဲရန် သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သူတစ်ဦးတစ်ယောက်အား ယင်း၏ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ အရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှုမကျူးလွန်မီဖြစ်စေ၊ ပြစ်မှုကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီပေးရန် ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေးနှင့်ပစ္စည်းကို ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(၂) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်ကြောင်း သိရှိသည့် သို့မဟုတ် သိရှိရန်အကြောင်းရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလသဘာဝ၊ ဇာစ်မြစ်၊ တည်နေရာနှင့် ပင်ကိုစရိုက်လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်းငွေကြေးနှင့်ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းသော်လည်းကောင်း ပြုခြင်း၊

(၃) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်ကြောင်း မိမိလက်ဝယ် လက်ခံရရှိသည့်အချိန်တွင် သိရှိသော သို့မဟုတ် သိရှိရန်အကြောင်းရှိသော ငွေကြေးနှင့် ပစ္စည်းကို ရယူခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(၄) ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၃) အထိပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော် လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင် ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာပြစ်မှု ကျူးလွန်ခြင်း။

(ဖ) **ငွေကြေး**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ဝေထားပြီး တရားဝင်လဲလှယ်အသုံးပြုနိုင်သည့် ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူများ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဖြစ်သည့် ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ချက်လက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ငွေတိုက်စာချုပ်များ၊ ကြွေးမြီအာမခံစာချုပ်များ၊ နိုင်ငံခြားသုံးငွေများ၊ ယင်းငွေများနှင့်ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များကို ဆိုသည်။

(တ) **ပစ္စည်း**ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည် ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်း အမှတ်အသား၊ အီလက်ထရောနစ်နည်းလမ်းဖြင့် ပစ္စည်းကို အသုံးချ၍ ဆောင်ရွက်ရာမှ ရရှိသည့် အကျိုးအမြတ်၊ အခွင့်အရေး၊ အစုပေါ်အမြတ်၊ ပိုင်ဆိုင်ခွင့်နှင့် အခြားဝင်ငွေများလည်း ပါဝင်သည်။

(ထ) **တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ**ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှဖြစ်စေ၊ ယင်းပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ခြင်းနှင့် စပ်ဆိုင်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုမှဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ရရှိသော ငွေကြေးနှင့်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ငွေကြေးနှင့်ပစ္စည်းများကို အခြေခံ၍ ဖြစ်ထွန်းလာသော ငွေကြေး သို့မဟုတ် ပစ္စည်းများနှင့် အကျိုးအမြတ်တို့သည်လည်းကောင်း၊ အခြားပစ္စည်းအဖြစ်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအဖြစ်ဖြစ်စေ လွှဲပြောင်းခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ထားသည့် ငွေကြေး သို့မဟုတ် ပစ္စည်းများသည် လည်းကောင်း ပါဝင်သည်။

(ဒ) **လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ**ဆိုသည်မှာ ပိုင်ရှင်ကိုယ်စား ငွေထုတ်သည့်ပုံစံဖြင့်ဖြစ်စေ၊ ကန့်သတ်ချက်မထားရှိဘဲ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခြင်းဖြင့်ဖြစ်စေ၊ ဖန်တီးထားသော ငွေလက်ခံသူအမည် ဖြည့်စွက်၍ဖြစ်စေ၊ လွှဲပြောင်းပေးအပ်ရန် အကျုံးဝင်သည့် အခြားပုံစံဖြင့် ဖြစ်စေ ရှိသည့် ချက်လက်မှတ်များ၊ ငွေပေးချေရန် ကတိစာချုပ်များနှင့် ငွေပေးအမိန့်များ အပါ အဝင် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ၊ ခရီးသွားချက်လက်မှတ်များကဲ့သို့ လွှဲပြောင်းနိုင်သည့် ပုံစံရှိသော ငွေရေးကြေးရေးစာချုပ်စာတမ်းများကို ဆိုသည်။ ယင်းစကားရပ်တွင် လက်မှတ်ရေးထိုး ထားသော်လည်း ငွေလက်ခံမည့်သူ၏ အမည်မပါဝင်သည့် ချက်လက်မှတ်များ၊ ငွေပေးချေရန် ကတိစာချုပ်များ၊ ငွေပေးအမိန့်များနှင့် တစ်ပိုင်းတစ်စစာချုပ်စာတမ်းများလည်း ပါဝင်သည်။

(ဓ) **အသုံးပြုပစ္စည်း**ဆိုသည်မှာ ဤဥပဒေပါ ပြစ်မှုများ၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုကျူးလွန်ရန်အလို့ငှာ အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် ပစ္စည်းများကို ဆိုသည်။

(န) **ငွေစာရင်း**ဆိုသည်မှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်း လုပ်ငန်းများက ပြုလုပ်သော အောက်ပါဆောင်ရွက်ချက်တစ်ခုခုကို ဆိုသည် -

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းများ အပ်နှံသည်ကို လက်ခံခြင်း၊

(၂) ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းခြင်းကိုသော်လည်းကောင်း၊ ဘဏ်စာရင်းမှ ထုတ်ယူ ခြင်းကိုသော်လည်းကောင်း ခွင့်ပြုခြင်း၊

(၃) အခြားသူတစ်ဦးတစ်ယောက်ကိုယ်စား လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ ပေးအပ်ခြင်း သို့မဟုတ် အမိန့်ပေးခြင်း၊ ငွေပေးအမိန့်လွှာများ ထုတ်ယူခြင်း သို့မဟုတ် စုဆောင်းခြင်း အတွက် အမိန့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(၄) အာမခံသေတ္တာ သို့မဟုတ် အခြားလုံခြုံမှုရှိသော အာမခံပုံစံများအတွက် အထောက်အကူ သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ခုခု။

(ပ) **ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း**ဆိုသည်မှာ ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးတစ်ယောက်၏ လွှဲပြောင်းဆောင်ရွက်မှုသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတို့နှင့်စပ်ဆိုင်မှု ရှိ မရှိ ဆက်လက်စိစစ်နိုင်ရန်အတွက် စီးပွားဆက်ဆံမှု စတင်သည့် အချိန်မှစ၍ အဆိုပါဆက်သွယ်ဆောင်ရွက်သူနှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပြည့်စုံစွာရရှိရန် စဉ်ဆက်မပြတ် အာရုံစိုက်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာအာဏာပိုင်များသို့ ဆက်လက်သတင်းပို့ခြင်း စသည်တို့ ပါဝင်သည့် လုပ်နည်းစနစ်ကို ဆိုသည်။

(ဖ) **ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်း**ဆိုသည်မှာ သူတစ်ဦး၏ ကိုယ်စား ငွေရေးကြေးရေးလုပ်ငန်းတစ်ခုမှတစ်ဆင့် အခြားငွေရေးကြေးရေးလုပ်ငန်းတစ်ခု၏ အကျိုးခံစားခွင့်ရှိသူထံ အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းခြင်းအားလုံးကို ဆိုသည်။

(ဗ) **ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်း လုပ်ငန်း**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ကာဆီနိုများ၊

(၂) အိမ်ခြံမြေအကျိုးဆောင်များ၊

(၃) အဖိုးတန်သတ္တုနှင့်ကျောက်မျက်ရတနာရောင်းဝယ်သူများ၊

(၄) မိမိအမှုသည်၏ ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှုနှင့် အပ်နှံမှုများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသော ရှေ့နေ၊ နိုထရီ ပတ်ဗလစ်နှင့် စာရင်းကိုင်များ သို့မဟုတ် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ -

(ကက) မရွှေ့မပြောင်းနိုင်သောပစ္စည်း ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခခ) အမှုသည်၏ ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြား ပိုင်ဆိုင်သည့် ပစ္စည်းများအား စီမံခန့်ခွဲခြင်း၊

(ဂဂ) ဘဏ်များ၊ စုငွေများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များစာရင်းကို စီမံ ခန့်ခွဲခြင်း၊

(ဃဃ) ကုမ္ပဏီများ ထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း၊

(ငင) တရားဝင်အသင်းအဖွဲ့များ သို့မဟုတ် အစီအစဉ်များ ထူထောင်ခြင်း၊ လုပ်ငန်း လည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း။

(၅) အောက်ပါ ဝန်ဆောင်မှုလုပ်ငန်းများကို အခြားသူများအတွက် စီးပွားရေးလုပ်ငန်းတစ်ရပ် အနေဖြင့် ဆောင်ရွက်ပေးသည့် ကုမ္ပဏီများ အုပ်ထိန်းမှုအဖွဲ့နှင့် ကုမ္ပဏီဝန်ဆောင်မှု ပေးသူများ -

(ကက) တရားဝင်အသင်းအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ခခ) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ်သော်လည်းကောင်း၊ အစုစပ်လုပ်ကိုင်သူ သို့မဟုတ် အခြားတရားဝင်အသင်းအဖွဲ့တစ်ခု သို့မဟုတ် အစီအစဉ်တစ်ခုတွင် ယင်းအဆင့်နှင့်တူညီသောသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဂဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသောတရားဝင် အသင်းအဖွဲ့ သို့မဟုတ် အစီအစဉ်တစ်ခုအတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာ ထိုင်ခင်း သို့မဟုတ် လုပ်ငန်းလိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှု လိပ်စာတို့ကို တာဝန်ယူပေးခြင်း။

(၆) ယုံကြည်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် တရားဝင်အသင်းအဖွဲ့ အစီအစဉ်တစ်မျိုးမျိုးတွင် ယင်းလုပ်ငန်းတာဝန်မျိုးနှင့် တူညီစွာ ဆောင်ရွက်ခြင်း၊

(၇) သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ်ဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် သူတစ်ဦး အတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း။

(ဘ) **အုပ်စုလိုက်အကောင်အထည်ဖော်မှု**ဆိုသည်မှာ ပင်ရင်းကုမ္ပဏီ သို့မဟုတ် အခြားသောကုမ္ပဏီ အဖွဲ့အစည်း အမျိုးအစားတစ်ရပ်ရပ်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ မိမိ၏ရုံးခွဲများနှင့် လက်အောက်ခံကုမ္ပဏီများအား ကြီးကြပ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာအရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့်ပြစ်မှုများကို ကာကွယ်ဟန့်တားရန်၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်၊

(ဂ) နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆောင်ရွက်ရန်၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများတိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ခြင်း ဆောင်ရွက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားသောသက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်နှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ရန်။

## အခန်း (၃)
## ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုများ

၅။ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများကို ငွေကြေးခဝါချမှု ပြုလုပ်ခြင်းသည် ဤဥပဒေနှင့်သက်ဆိုင်စေရမည် -

(က) ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများ၊

(ခ) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု အပါအဝင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် သက်ဆိုင်သည့်ပြစ်မှုများ၊

(ဂ) ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့် ထိပါးမှုနှင့်သက်ဆိုင်သည့်ပြစ်မှုများ (ဉာဏပစ္စည်းဆိုင်ရာပြစ်မှုများ)၊

(ဃ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာသည့်ပြစ်မှုများ၊

(င) အခွန်တိမ်းရှောင်မှုနှင့် အခြားအခွန်ဆိုင်ရာမှုခင်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(စ) ပင်လယ်ဓားပြမှုနှင့်သက်ဆိုင်သည့်ပြစ်မှုများ၊

(ဆ) အကြမ်းဖက်မှုဆိုင်ရာပြစ်မှုများ၊

(ဇ) သတင်းအချက်အလက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့် သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအား ပေးအပ်၍ဖြစ်စေ တရားမဝင် အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာ ပြစ်မှုများ၊

(စျ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံး ထောင်ဒဏ်တစ်နှစ်နှင့်အထက် ပြစ်ဒဏ် ထိုက်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊

(ည) ဤဥပဒေနှင့်သက်ဆိုင်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါ အားလျော်စွာ သတ်မှတ်သည့်ပြစ်မှုများ၊

(ဠ) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ည) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်သည့်ပြစ်မှု။

## အခန်း (၄)

## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သင့်လျော်သောနိုင်ငံသားများအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် ဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၇။ ဗဟိုအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအရေးယူဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာအမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်း ဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အန္တရာယ်ကို အခြေပြုချဉ်းကပ်ခြင်းနည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်တစ်ရပ်လုံးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ချမှတ်ထားသည့် အမျိုးသားမူဝါဒ၊ မဟာဗျူဟာများ အကောင်အထည်ဖော်ဆောင်မှုနှင့် ပုဒ်မခွဲ (ဂ) အရ အမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်မှုကိုလည်းကောင်း၊ သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် အခြားဆက်စပ်အဖွဲ့အစည်းများ၏ သတင်းပို့ခြင်းဆိုင်ရာလိုအပ်ချက်တို့ကိုလည်းကောင်း စောင့်ကြည့်စစ်ဆေးခြင်း၊

(င) သတင်းပို့အဖွဲ့အစည်းများ လိုက်နာရန် အောက်ပါအချက်များကို သတ်မှတ်ပြဋ္ဌာန်းသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း -

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် အန္တရာယ် အဆင့်မြင့်မားသည့် အခြေအနေမျိုးတွင် ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထား စိစစ်ခြင်းလုပ်ငန်းစဉ်များ၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ပြီးနောက် သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် ဆောင်ရွက်ပြီးနောက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အတည်ပြုစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ။

(စ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချ၍ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်း၊

(ဓ) နိုင်ငံတော်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်းများကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍတို့မှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်မူဝါဒ ချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ၂) ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၈။ ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်ဖော်ထုတ်အကဲဖြတ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဖော်ထုတ်အကဲဖြတ်မှု၏ နောက်ဆုံးရလဒ်များကို ထိန်းသိမ်းခြင်း၊ ယင်းရလဒ်များအနက် သင့်လျော်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာအာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများအား အသိပေးဖြန့်ဝေခြင်းနှင့် ယင်းတို့ရရှိသည့် အချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့စေခြင်း၊

(ခ) သတင်းပို့ရမည့် ငွေကြေးနှင့်ပစ္စည်းများ၏ တန်ဖိုးပမာဏကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများထံသို့ စိစစ်ရေးအဖွဲ့က ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်း၊ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများ စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်းများ ဆောင်ရွက်ခွင့်ပြုနိုင်ရန် အမိန့်ထုတ်ဆင့်ခြင်းနှင့် ရုပ်သိမ်းခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများကို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်းနှင့် ရုပ်သိမ်းခြင်း၊

(င) ငွေကြေးခဝါချမှုပြုလုပ်ရာမှ ရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

(စ) စိစစ်ရေးအဖွဲ့က သက်သေခံအဖြစ် သိမ်းဆည်းထားသောပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်းနှင့် ယင်းခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဆ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူအား လိုအပ်သော အကာအကွယ်ပေးခြင်းနှင့် ထိုက်သင့်သည့်ဆုငွေချီးမြှင့်ခြင်း၊

(ဇ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ကျွမ်းကျင်သူများ ပါဝင်သောရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(စျ) ဤဥပဒေအရ တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် သတင်းပို့အဖွဲ့အစည်းများကို အောက်ပါအရေးယူမှုများအနက် သင့်လျော်သောအရေးယူမှုကို ဆောင်ရွက်ရန်

သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန သို့မဟုတ် ကော်မရှင် သို့မဟုတ် အဖွဲ့အစည်းထံသို့ ဆက်သွယ်ညှိနှိုင်း အကြောင်းကြားခြင်း -

(၁) စီးပွားရေးလုပ်ငန်းရပ်ဆိုင်းစေခြင်းနှင့် အဆိုပါကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း၊

(၂) မည်သည့်လုပ်ငန်းဆောင်ရွက်မှုကိုမဆို နှစ်နှစ်ထက်မပိုသည့်ကာလအတွင်း ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ခြင်း၊

(၃) ကုမ္ပဏီအဖွဲ့အစည်း၏ လုပ်ငန်းခွဲကို ငါးနှစ်ထက်မပိုသည့်ကာလ သတ်မှတ်၍ ပိတ်သိမ်းခြင်း၊

(၄) ဤဥပဒေပါ ပြစ်မှုများကို ကျူးလွန်ခြင်းနှင့်ဆက်နွယ်သည့် အဆောက်အအုံကို ငါးနှစ်ထက်မပိုသည့်ကာလအထိ အသုံးမပြုရန် တားမြစ်ခြင်း၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းစေခြင်းနှင့် ဆက်လက်လုပ်ဆောင်မှုကို တားမြစ်ခြင်း။

(ည) ဤဥပဒေအရ တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် သတင်းပို့အဖွဲ့အစည်းများကို တစ်နှစ်ထက်မပိုသည့်ကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ဗဟိုအဖွဲ့၏ ကြီးကြပ်မှုအောက်တွင် ထားရှိနိုင်ခြင်း၊

(ဋ) ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ည) တို့ပါ အရေးယူဆောင်ရွက်ချက်များကို စာပေစာနယ်ဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှတစ်ဆင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ အများပြည်သူသို့ ထုတ်ပြန်ကြေညာအသိပေးခြင်း။

## အခန်း (၅)
## ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ ဗဟိုအဖွဲ့သည် သတင်းပို့ချက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများနှင့် ဆက်နွယ်သည့် အခြားသောသတင်းအချက်အလက်များကိုလည်းကောင်း၊ လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်သော်လည်းကောင်း ဆက်နွယ်သည်ဟု သံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ဗဟိုအဖွဲ့အစည်းတစ်ရပ်အဖြစ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် -

(က) သတင်းပို့အဖွဲ့အစည်းများက လိုက်နာအသုံးပြုဆောင်ရွက်ရမည့် သတင်းပို့ချက်သတ်မှတ်ပုံစံများ၊ သတင်းပို့ချက်တွင် ပါဝင်ရမည့် အချက်များ၊ သတင်းပေးပို့ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် သတင်းပို့ခြင်းဆိုင်ရာနည်းလမ်းများကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု သံသယရှိလျှင် စိစစ်ချက်ရလဒ် သို့မဟုတ် အခြားသော သက်ဆိုင်ရာရရှိသည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းပြုနိုင်သည်။

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၏ အလားအလာများ၊ စောင့်ကြည့်အကဲဖြတ်မှုရလဒ်များနှင့် ယင်းပြစ်မှုနှင့်ဆက်စပ်သည့်ပုံစံများ၊ ဦးတည်ရာများ၊ အန္တရာယ်ရှိမှုများနှင့်စပ်လျဉ်း၍ လေ့လာရရှိသည့် သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြန့်ဝေခြင်း ပြုရမည်။

(ဃ) ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်သည့် ပြည်တွင်းမှ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းတို့ ပြုရမည်။

(င) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် လိုအပ်သော အကူအညီအထောက်အပံ့ပေးခြင်းတို့ ပြုရမည်။

(စ) အဖွဲ့၏လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော သတင်းအချက်အလက်အသစ်များကို သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်းများက သတ်မှတ်သည့်ပုံစံဖြင့် ပေးပို့ရန် ကာလသတ်မှတ်၍ တောင်းခံနိုင်သည်။

(ဆ) သတင်းပို့အဖွဲ့အစည်းများ၊ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများနှင့် အခြားအစိုးရဌာန၊ အဖွဲ့အစည်းများက ရရှိထိန်းသိမ်းထားသည့် မည်သည့်သတင်းပို့ချက် သို့မဟုတ် အချက်အလက်များကိုမဆို ရယူသုံးစွဲခွင့်ရှိသည်။

(ဇ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဈ) ပြည်ပမိတ်ဖက်အဖွဲ့အစည်းနှင့် သဘောတူညီချက် သို့မဟုတ် စီစဉ်ဆောင်ရွက်မှု ပြုလုပ်ခွင့်ရှိသည်။ သဘောတူညီချက်မရှိသည့်အခြေအနေတွင် စည်းမျဉ်းသတ်မှတ်ချက်ကို အခြေခံ၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု ပြုနိုင်သည်။

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်က အပ်နှင်းသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) မိမိအဖွဲ့အစည်းနှင့်အလားတူ လုပ်ငန်းတာဝန်ရှိပြီး လျှို့ဝှက်ချက်ထိန်းသိမ်းရန် တာဝန်ရှိသော ပြည်တွင်း၊ ပြည်ပအာဏာပိုင်အဖွဲ့အစည်းများနှင့် မိမိဆန္ဒအလျောက်ဖြစ်စေ၊ တောင်းဆိုချက်အရဖြစ်စေ သတင်းအချက်အလက်များဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို ပြည်ပမိတ်ဖက်အဖွဲ့အစည်းများအား အောက်ပါနည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် အကြောင်းကြားရမည် -

(၁) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က အသုံးပြုသည့် ရည်ရွယ်ချက်နှင့် အသုံးပြုပုံအတိုင်းသာ အသုံးပြုစေခြင်း၊

(၂) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ပုဒ်မ ၅ ပါ ပြစ်မှုများ တိုက်ဖျက်ရေးအတွက် အသုံးပြုစေခြင်း၊

(၃) အခြားကိစ္စတစ်ရပ်ရပ်အတွက် အသုံးပြုရန် ရည်ရွယ်ပါက ယင်းသတင်းအချက်အလက်ကို ပေးအပ်သည့် အဖွဲ့အစည်း၏ သဘောတူခွင့်ပြုချက် ရယူစေခြင်း။

(ဂ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ပြည်ပမိတ်ဖက်အဖွဲ့အစည်းထံမှ လက်ခံရရှိသည့် အကူအညီတောင်းခံမှုကို အခြေခံကာ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) တွင် ရည်ညွှန်းထားသည့် သတင်းအချက်အလက်များကို ရယူနိုင်သည့်အပြင် ပြည်တွင်းကိစ္စရပ်များအတွက် အပ်နှင်းထားသော

လုပ်ပိုင်ခွင့်များနှင့်အညီ အကူအညီတောင်းခံမှုကို အထောက်အကူဖြစ်စေမည့် အခြားသော အရေးယူဆောင်ရွက်ချက်များကို ပြုလုပ်နိုင်သည်။

၁၂။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် -

(က) စုံစမ်းထောက်လှမ်းသည့်ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

( ခ ) စိစစ်ရေးအဖွဲ့က တင်ပြသော တင်ပြချက်များကို ဗဟိုအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၆)

## စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လက်ခံရရှိသည့် သတင်းပို့ချက်များနှင့် သတင်းအချက်အလက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုများဆိုင်ရာသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံ၍ စိစစ်သုံးသပ်ပြီးနောက် တွေ့ရှိချက်များအရ ငွေကြေးခဝါချမှု သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိလျှင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ဝင်များ ပါဝင်သော စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၄။ စိစစ်ရေးအဖွဲ့သည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမားတို့၏ ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် ယင်းငွေကြေးနှင့်ပစ္စည်းများအား ယာယီထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငွေကြေးခဝါချရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့၏ ပိုင်ဆိုင်မှုများကို ဖော်ထုတ်ခြင်း၊ ကွင်းဆက်များ ရှာဖွေဖော်ထုတ်ခြင်း၊

( ခ ) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့၏ ပိုင်ဆိုင်မှုများကို ရှာဖွေခြင်း၊ တားဆီးခြင်း၊ ထိန်းချုပ်ခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ သိမ်းဆည်းထားသော ပစ္စည်းများအား ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရှိခြင်း၊

( ဂ ) စိစစ်သည့်ကာလအတွင်း အဆိုပါငွေကြေးနှင့်ပစ္စည်းများအား ချိပ်ပိတ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် ရောင်းဝယ်မှုမပြုလုပ်ရန် တားမြစ်ခြင်း၊

(ဃ) သတင်းပို့အဖွဲ့အစည်းများ၏ ငွေကြေးဆိုင်ရာ သို့မဟုတ် အခြားသောမှတ်တမ်းများအား ထုတ်ပေးရန် တောင်းဆိုခြင်းနှင့် ဖတ်ရှုခြင်း၊

( င ) စိစစ်ခြင်းခံရသူထံမှဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးထံမှဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ ဖြစ်စေ၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှဖြစ်စေ လိုအပ်သော အထောက်အထား များကို တောင်းယူစစ်ဆေးခြင်း၊

( စ ) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများမှ ဆင်းသက်လာပြီး အခြားသူ၏ အမည်ခံထားသော အဆောက်အအုံ၊ မြေနှင့်လုပ်ငန်းနေရာတစ်ခုခုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း။

၁၅။ စိစစ်ရေးအဖွဲ့သည် -

(က) စိစစ်သည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

(ခ) ဆောင်ရွက်ချက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၇)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၆။ ဗဟိုအဖွဲ့သည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တင်ပြလာသည့် စိစစ်ချက်အစီရင်ခံစာအရ ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဗဟိုအဖွဲ့ဝင်တစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး အဖွဲ့ဝင် အနည်းဆုံး သုံးဦးဖြင့် ဖွဲ့စည်းရမည်။

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လိုအပ်သည့်ပုဂ္ဂိုလ်များကို ဆင့်ဆိုစစ်ဆေး၍ လိုအပ်သည့် သက်သေခံချက်များ ထပ်မံရယူနိုင်သည်။

(ခ) စိစစ်ရေးအဖွဲ့၏ အစီရင်ခံစာနှင့် ထပ်မံရယူသည့် သက်သေခံချက်များအရ မိမိ၏တွေ့ရှိချက်ကို သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ဂ) စုံစမ်းစစ်ဆေးသည့်ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

## အခန်း (၈)

## ကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်

၁၈။ သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့်အညီ ဗဟိုအဖွဲ့က ပေးအပ်သည့် သတင်းအချက်အလက်များအရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်။ အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့် မည်သည့်သက်သေခံအထောက်အထားနှင့် သတင်းများကိုမဆို စာဖြင့် ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရမည့်အပြင် သက်ဆိုင်ရာအာဏာပိုင်များက အသုံးပြုနိုင်ရေးအတွက် အသင့်ရှိရမည်။

၁၉။ သတင်းပို့အဖွဲ့အစည်းများသည် -

(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် ငွေစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ ဤဥပဒေအရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များကို ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ် အခြေပြု၍ သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်ရမည်။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရ အန္တရာယ်အကဲဖြတ်ခြင်းဆိုင်ရာရလဒ်များနှင့် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ ဗဟိုအဖွဲ့က ပေးအပ်သည့် သတင်းအချက်အလက်များ ရရှိပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(၁) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ်အဆင့် မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသောဆောင်ရွက်မှုများသည် ပုံမှန် ဟုတ် မဟုတ်ကိုလည်းကောင်း၊ သံသယဖြစ်ဖွယ်ရှိ မရှိကိုလည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ်အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း၊

(၃) ပုဒ်မခွဲငယ် (၂) အရ ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ၊ အန္တရာယ်အဆင့်မြင့်မားသည့် ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှ ရပ်စဲခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များကို အောက်ပါ အချိန်အခါနှင့် အခြေအနေများတွင် ဆောင်ရွက်ရမည် -

(၁) ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်မပြုလုပ်ပေးမီ သို့မဟုတ် ငွေစာရင်းတစ်ခု ဖွင့်လှစ်ပေးခြင်းမပြုမီ၊

(၂) သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားရေးဆက်ဆံမှု ထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးနှင့်ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ၊ ဆက်နွှယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ သတင်းပို့ရန် သတ်မှတ်သည့် ပမာဏ သို့မဟုတ် ယင်းထက်ပိုသောပမာဏဖြစ်သည့်အခါ အဆိုပါဆက်သွယ်ဆောင်ရွက်သူအတွက် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၃) ပြည်တွင်းနှင့်နိုင်ငံတကာကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဆက်သွယ်ဆောင်ရွက်သူအတွက် ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၄) ယခင်ရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာအချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိသည့်အခါတိုင်း၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည်ဟု သံသယရှိသည့်အခါတိုင်း။

(ဂ) ပုဒ်မခွဲ (ခ) တွင် ရည်ညွှန်းထားသည့် ဆက်နွှယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့် တန်ဖိုးပမာဏကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါ ပမာဏကို သိရှိလျှင် သိရှိချင်း သို့မဟုတ် အဆိုပါတန်ဖိုးပမာဏသည် သတ်မှတ်ပမာဏသို့ ရောက်ရှိလျှင် ရောက်ရှိချင်း ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) လွတ်လပ်၍ ယုံကြည်အားထားရသောဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်သူအား စိစစ်အတည်ပြုခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ မှတ်ပုံတင်ကို အတည်ပြုခြင်း၊

(၂) စီးပွားရေးဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာသတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်၍ ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး စိစစ်အတည်ပြုနိုင်မည့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ကို အတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါအကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ သက်သေခံအထောက်အထားကို စိစစ်ရန်အလို့ငှာ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်ခြင်း၊

(၄) ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများအတွက် ဆက်သွယ်ဆောင်ရွက်သူကိုယ်စား ဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ် မဟုတ် စိစစ်ခြင်းနှင့် ယင်း၏မှတ်ပုံတင်ကို မှန်ကန်ကြောင်း အတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ တရားဝင်တည်ရှိမှု အခြေအနေအား စိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏ အမည်၊ တရားဝင်ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီ အဖွဲ့အစည်း သို့မဟုတ် ဥပဒေအရ စီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းများ သတ်မှတ်ခြင်း၊

(၅) ဆက်သွယ်ဆောင်ရွက်သူသည် ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူ သို့မဟုတ် အပြည်ပြည် ဆိုင်ရာ ဩဇာတိက္ကမရှိသူဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိပါက ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၄) အထိပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့် ဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ (ဃ) ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၃) အထိ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြု၍ ယင်းအခြေအနေကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်း ပို့ရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ ဆောင်ရွက်ရမည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို စီးပွားဆက်ဆံမှုဆောင်ရွက်ပြီးသော်လည်း ပြုလုပ်နိုင်သည်။

(ဆ) အထူးသဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်အဆင့် မြင့်မားသည့် ဆက်သွယ်ဆောင်ရွက်သူများနှင့်သက်ဆိုင်သည့် အချက်များ၊ စီးပွားရေးဆက်ဆံ ဆောင်ရွက်မှုများဆိုင်ရာ အချက်အလက်များ အပါအဝင် ဤပုဒ်မအရ စုဆောင်းရယူထားသည့် အထောက်အထား စာရွက်စာတမ်းများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက် များသည် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီစေရေးနှင့် အကျိုးဝင်သောအချက်အလက်များ ဖြစ်စေရေး ဆောင်ရွက်ထားရှိရမည်။

၂၀။ သတင်းပို့အဖွဲ့အစည်းများသည် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုချင်းအတွက် ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ ထို့အပြင် မိမိတို့သိရှိ ထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များ၊ အန္တရာယ်ရှိမှုအဆင့်အတန်းများနှင့် ကိုက်ညီစေရေးအတွက် မည်သည့်လွှဲပြောင်းဆောင်ရွက်မှုကိုမဆို သေချာစွာစိစစ်ရမည်။ လိုအပ်ပါက ငွေကြေးဇာစ်မြစ်ကိုလည်း စိစစ်ရမည်။

၂၁။ သတင်းပို့အဖွဲ့အစည်းများသည် -

(က) အောက်ပါဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးရမည် -

(၁) စီးပွားရေးလုပ်ငန်းအရင်းခံ ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်း ထင်ရှားခြင်း မရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော ပုံမှန်မဟုတ်သော ပမာဏများပြားသည့် လွှဲပြောင်း ဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သောပုံစံဖြင့် လွှဲပြောင်းသည့် ဆောင်ရွက်မှုများ အားလုံး၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ သို့မဟုတ် ယင်းနိုင်ငံရှိသူတစ်ဦးနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်း ဆောင်ရွက်မှုအားလုံး။

(ခ) ပုဒ်မခွဲ (က) ပါ ဆောင်ရွက်မှုအားလုံး၏ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် အဆင့်မြင့်မားသည်ဟု ဖော်ထုတ်သိရှိရပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်းလုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

၂၂။ သတင်းပို့အဖွဲ့အစည်းများသည် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးအား ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့် စီမံခန့်ခွဲမှုစနစ် ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ -

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကို ဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

(ခ) ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းများက အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ (က) ပါ အရေးယူဆောင်ရွက်မှုများကို ကျင့်သုံးခြင်း။

၂၃။ သတင်းပို့အဖွဲ့အစည်းများသည် အောက်ပါသတင်းအချက်အလက်ဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့် အရေးပါသည့်သတင်းအချက်အလက်များကို ပေးပို့နိုင်စေရန် အဆင်သင့်ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုချင်းစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံလုံလောက်မှုရှိရမည် -

(က) စီးပွားဆက်ဆံဆောင်ရွက်မှု ရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါလွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ ငါးနှစ်အထိ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ငွေစာရင်းများနှင့် စီးပွားရေးဆိုင်ရာစာအဆက်အသွယ်များ အပါအဝင် သက်သေခံအထောက်အထားဆိုင်ရာစာရွက်စာတမ်းများ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းမှတစ်ဆင့် ရရှိထားသော မှတ်တမ်းမှတ်ရာများနှင့် ဆောင်ရွက်ခဲ့ပြီးသော စိစစ်တွေ့ရှိချက်စာရွက်စာတမ်းများ၊

(ခ) ပြည်တွင်းပြည်ပလွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှ နောက်ထပ်ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာမှတ်တမ်းများ၊

(ဂ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့တင်ပြခဲ့သည်မှာ အနည်းဆုံး ငါးနှစ်ကြာပြီဖြစ်သည့် ဤဥပဒေ အခန်း (၈) အရ လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှုပြီးဆုံးခဲ့သည်မှာ သို့မဟုတ် နောက်ဆုံးအချိန် ပြင်ဆင်မွမ်းမံခဲ့သည်မှာ ငါးနှစ်ကျော်လွန်သည့် အန္တရာယ်အဆင့်အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၂၄။ (က) သတင်းပို့အဖွဲ့အစည်းများသည် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အချက်များအနက် အောက်ပါအချက်များကို ဆောင်ရွက်နိုင်စွမ်းရှိသော ကြားခံပုဂ္ဂိုလ်ကို အားထားဆောင်ရွက်နိုင်သည် -

(၁) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) ပါ သတင်းအချက်အလက်များကို နှောင့်နှေးမှုမရှိဘဲ ရယူနိုင်ခြင်း၊

(၂) ပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းဆိုင်ရာအတည်ပြုနိုင်သည့် အထောက်အထားများနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို တောင်းဆိုပါက နှောင့်နှေးမှုမရှိဘဲ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) ပုဒ်မ ၂၁ မှ ၂၃ ပါ ဆောင်ရွက်ရန် လိုအပ်ချက်များကို ကိုယ်စားလိုက်နာဆောင်ရွက်ရေးအတွက် ထိန်းသိမ်းခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းများကို ကျေနပ်ဖွယ် ဆောင်ရွက်ထားနိုင်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် စိစစ်အတည်ပြုခြင်း ဆောင်ရွက်ရာတွင် သတင်းပို့အဖွဲ့အစည်း၌ အဓိကတာဝန်ဖြစ်သည်။

၂၅။ သတင်းပို့အဖွဲ့အစည်းများသည် အသစ်တီထွင်ထားသည့် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများနှင့်ဆက်နွယ်၍ ပေါ်ပေါက်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့် အရေးယူဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရမည်။

၂၆။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် အလားတူ အခြားဆက်ဆံဆောင်ရွက်မှုများမပြုလုပ်မီ ပုဒ်မ ၁၉ ပြဋ္ဌာန်းချက်ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်း ဆောင်ရွက်ရမည် -

(က) မိမိနှင့်စီးပွားဆက်ဆံဆောင်ရွက်သော အခြားနိုင်ငံမှအဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်း၊ ယင်း၏ ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခံရခြင်း သို့မဟုတ် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာအရေးယူခံရခြင်း ရှိ မရှိကိုလည်းကောင်း၊ ကြီးကြပ်မှုဆိုင်ရာအရည်အသွေးနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကိုလည်းကောင်း စုဆောင်းရယူခြင်းနှင့် သိရှိရန်ဆောင်ရွက်ခြင်း၊

(ခ) အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

(ဂ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှုအရည်အသွေးကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတာဝန်ဝတ္တရားများကို မှတ်တမ်းတင်ခြင်း။

၂၇။ (က) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်း ပါဝင်သော ဆောင်ရွက်မှုများကို ပြုလုပ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ စိစစ်ရမည်။ ယင်းသတင်းအချက်အလက်များတွင် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲရာ၌ပါရှိသည့် မှာကြားချက်များ သို့မဟုတ် ငွေပေးချေမှုများလည်း ပါဝင်ရမည်။ အကယ်၍ ငွေစာရင်းအမှတ်မရှိပါက ထိုလွှဲပြောင်းမှုအတွက် သီးခြားရည်ညွှန်းနံပါတ်ကို သတ်မှတ်ပေးရမည်။ ဤပုဒ်မ၏ ပြဋ္ဌာန်းချက်ပါ သတင်းအချက်အလက်ကို ငွေပေးချေမှုဆောင်ရွက်သော ကြားခံငွေရေးကြေးရေးအဖွဲ့အစည်းများက ထိန်းသိမ်းခြင်းနှင့် တစ်ဆင့်ပေးပို့ခြင်းများ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) အကြွေးဝယ်ကတ် သို့မဟုတ် မြီစားကတ်ဖြင့် လွှဲပြောင်းဆောင်ရွက်မှု၊ ယင်းလွှဲပြောင်းမှုနှင့် အတူ အကြွေးဝယ်ကတ်နှင့် မြီစားကတ်အမှတ်များပါရှိသော လွှဲပြောင်းမှု၊

(၂) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများကိုယ်စား ဆောင်ရွက်သည့် ကနဦးလွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တို့သည် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဖြစ်ပါက ယင်းငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ဆောင်ရွက်သည့် လွှဲပြောင်းမှု။

(ဂ) ငွေပေးချေမှုဆောင်ရွက်သော ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်သည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်နိုင်ခြင်းမရှိသည့် ကြေးနန်း သို့မဟုတ် အီလက် ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်းကို ဆောင်ရွက်ပေးခြင်းမပြုရ။

(ဃ) နိုင်ငံဖြတ်ကျော်၍ ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်း သို့မဟုတ် ငွေကြေးလက်ခံခြင်းပြုသည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းသည် -

(၁) အဆိုပါလွှဲပြောင်းဆောင်ရွက်ချက်နှင့်အတူ ကနဦးလွှဲပြောင်းပေးသူနှင့် အကျိုးခံစားခွင့်ရှိသူ သို့မဟုတ် ပိုင်ရှင်တို့၏ သတင်းအချက်အလက်များ ထိန်းသိမ်းထားရှိရန် ကြပ်မတ်ဆောင်ရွက် ရမည်။

(၂) ပုဒ်မခွဲ (က) နှင့် အကျုံးမဝင်သော ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်းများကို ဖော်ထုတ်ရန် ထိုက်သင့်သောအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

(၃) ယင်းလွှဲပြောင်းမှု ဆောင်ရွက်ခြင်း၊ လက်ခံခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်းနှင့် နောက်ဆက်တွဲအရေးယူခြင်းများ ဆောင်ရွက်ရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားရမည်။

(င) ပုဒ်မခွဲ (က) ပါ ကနဦးလွှဲပြောင်းသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသော ပိုင်ရှင်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များသည် ပြည်တွင်းကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်း ဖြင့် ငွေလွှဲခြင်းတစ်ရပ်တွင် မှတ်တမ်းကျန်ရှိစေရေးအတွက် နည်းပညာကန့်သတ်ချက် များကြောင့် အတားအဆီးဖြစ်ပါက ယင်းငွေကြေးလွှဲပြောင်းမှုပြုလုပ်ရန် ညွှန်ကြားသည့် သို့မဟုတ် ဆောင်ရွက်သည့် အဖွဲ့အစည်းထံမှ ဖော်ပြပါ သတင်းအချက်အလက်အားလုံး ရရှိသော အဖွဲ့အစည်းသည် မှတ်တမ်းကို သိမ်းဆည်းထားရှိရမည်။

(စ) ပုဒ်မခွဲ (က) ပါ လိုအပ်သည့် သတင်းအချက်အလက်များ မပါရှိသော ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် နိုင်ငံဖြတ်ကျော်၍ ငွေလွှဲပြောင်းခြင်းကို လက်ခံဆောင်ရွက် သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်သည် ယင်းလွှဲပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အား အတည်ပြုစိစစ်ရမည်။

(ဆ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုပြုလုပ်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

၂၈။ (က) သတင်းပို့အဖွဲ့အစည်းများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင် ရန်နှင့် ဤဥပဒေနှင့်အညီ ဖော်ထုတ်ရရှိသည့်အန္တရာယ်များကို လျော့ပါးစေရေးအတွက် ထိရောက်စွာစီမံခန့်ခွဲရန် ဌာနတွင်းအစီအစဉ်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကြီးကြပ် ထိန်းသိမ်းမှုများကို ပြဋ္ဌာန်းခြင်း၊ ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ဆောင် ခြင်းများ ပြုလုပ်ရမည်။ ထို့ပြင် လိုအပ်ပါက ယင်းမူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများအား

အကောင်အထည်ဖော်မှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။ ယင်းမူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများတွင် အောက်ပါအချက်များ ပါဝင်သည် -

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ် အလေးထားစိစစ်ခြင်း၊ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန်တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာတာဝန်ဝတ္တရားများ၊

(၂) မိမိဝန်ထမ်းများ၏ ဂုဏ်သိက္ခာအဆင့်အတန်းမြင့်မားစေရန် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေးနောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန် နည်းစနစ်တစ်ရပ်၊

(၃) မိမိနှင့်ဆက်သွယ်ဆောင်ရွက်သူကို သိရှိခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အထူးတာဝန်ဝတ္တရားများနှင့် အခန်း (၈) ပါ သတင်းပို့ရန် လိုအပ်သည့် လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများက အကူအညီပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်ရေးအစီအစဉ်များ၊

(၄) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူဆောင်ရွက်မှုများ၏ ထိရောက်မှုကို စစ်ဆေးရန် လွတ်လပ်သော စစ်ဆေးရေးလုပ်ငန်းစဉ်တစ်ရပ်။

( ခ ) အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိတစ်ဦးအား ခန့်အပ်ထားရှိရမည်။

( ဂ ) ဤပုဒ်မပါ အချက်တစ်ချက်ချင်းစီအတွက် အရေးယူဆောင်ရွက်မှုအမျိုးအစားများကို သတ်မှတ်ရမည်။ ယင်းသို့သတ်မှတ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများပမာဏ၊ ဆက်သွယ်ဆောင်ရွက်သူများ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးသည့်နည်းလမ်းနှင့် အတိုင်းအတာ၊ အဆိုပါစီးပွားရေးလုပ်ငန်းတွင် အကျုံးဝင်ပတ်သက်သည့် ပထဝီဝင်အနေအထားနှင့် နိုင်ငံများ စသည်တို့ကို ထည့်သွင်းသုံးသပ်ရမည်။

(ဃ) အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည် -

(၁) ဤဥပဒေအရ ထုတ်ပြန်ထားသည့် မူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများကို နိုင်ငံရပ်ခြားလုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများ အပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာလိုက်နာကျင့်သုံးစေခြင်း၊

(၂) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှု လုံခြုံရေးနှင့် အသုံးပြုရေး လုပ်ထုံးလုပ်နည်းများ အပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ထုံးလုပ်နည်းများ ထားရှိစေခြင်း။

၂၉။ သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်ထားသည့် အရာရှိအား အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းရမည် -

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊

(ခ) သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို၊ မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၃၀။ (က) မည်သူမျှ နိုင်ငံတော်အတွင်း သဏ္ဌာန်ဆောင်ဘဏ်ကို ဖွဲ့စည်းထူထောင်ခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သဏ္ဌာန်ဆောင်ဘဏ်များနှင့်ဖြစ်စေ၊ ၎င်းဘဏ်များ တည်ရှိသည့် နိုင်ငံများ၌ဖြစ်စေ စီးပွားရေးဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် စီးပွား ဆက်ဆံမှု ဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်ရ၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သဏ္ဌာန်ဆောင်ဘဏ်များအား ယင်းတို့၏ငွေစာရင်း များကို အသုံးပြုရန်ခွင့်ပြုထားသည့် အဆက်အသွယ်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် စီးပွား ဆက်ဆံဆောင်ရွက်မှု မပြုရ။

၃၁။ (က) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့်အချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့်နိုင်ငံများကို ဖော်ထုတ်သတ်မှတ်ရမည့်အပြင် ထိုကဲ့သို့သောနိုင်ငံများနှင့် ဆက်နွယ်၍ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) ပါ ထုတ်ပြန်သည့် ညွှန်ကြားချက်ကို တိကျစွာ လိုက်နာကျင့်သုံးရမည်။

(ဂ) စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်များသည် သတင်းပို့အဖွဲ့အစည်းများက တိကျစွာလိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

၃၂။ သတင်းပို့အဖွဲ့အစည်းများသည် သတင်းပို့ရန် သတ်မှတ်ထားသည့်တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်သော ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုများဖြစ်လျှင် သို့မဟုတ် ငွေကြေး သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည်ဟုသော် လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်ပတ်သက် သည်ဟုသော်လည်းကောင်း၊ ယင်းသို့ဖြစ်စေရန် အားထုတ်သည်ဟုသော်လည်းကောင်း သံသယဖြစ်ဖွယ်ရာ အကြောင်းရှိလျှင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ သတ်မှတ်သည့်နည်းလမ်းများအတိုင်း ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်။

၃၃။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် သတင်းပို့အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ပုဒ်မ ၃၂ အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွယ်သည့် သတင်းအချက်အလက်နှင့် ဆောင်ရွက်ချက် တစ်စုံတစ်ရာကို မိမိတို့ဝန်ထမ်းအချင်းချင်းနှင့် ဥပဒေအကျိုးဆောင်များအကြားမှတစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောကြားခြင်း မပြုရ။

၃၄။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသောတန်ဖိုးပမာဏနှင့် ယင်းတန်ဖိုးပမာဏထက် ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်း ဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွယ်မှု ရှိသည်ဟု ယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားဖြင့် ဆောင်ရွက်သည်ဖြစ်စေ ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

၃၅။ ရှေ့နေများ၊ နိုထရီပတ်ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုမှုကို ရှောင်ရှားခြင်း ဆိုင်ရာ အကြံပေးခြင်း အပါအဝင် ဥပဒေရေးရာရပ်တည်ချက်ကို ဆုံးဖြတ်သည့်ကိစ္စရပ်များဆိုင်ရာအချက် အလက်များကို သတင်းပို့ရန် တာဝန်မရှိစေရ။

## အခန်း (၉)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၃၆။ ကြီးကြပ်ရေးအာဏာပိုင်သည် -

(က) သတင်းပို့အဖွဲ့အစည်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား မပျက်မကွက် တိကျစွာလိုက်နာ ဆောင်ရွက်စေရန် ထိန်းသိမ်းကြီးကြပ်ရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းများတွင် ရှိနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုအန္တရာယ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်။ အဆိုပါအကဲဖြတ်မှုသည် အခါ အားလျော်စွာ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီနေစေရမည့်အပြင် အဆိုပါဖော်ထုတ်ရရှိသည့် အန္တရာယ်များအပေါ် လုံလောက်စွာစီမံခန့်ခွဲမှုပြုနိုင်ရေးအတွက် အရေးယူဆောင်ရွက်ရန်အချက် များကို ချမှတ်ရမည်။

(ဂ) သတင်းပို့အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များနှင့် အခြားသောအချက်အလက်များကို ရယူစုဆောင်းခြင်းနှင့် အုပ်စုလိုက် အကောင်အထည်ဖော်ဆောင်မှုအပေါ် အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်း၊ လုပ်ငန်းခွင်ပြင်ပမှ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(ဃ) သတင်းပို့အဖွဲ့အစည်းများက သိမ်းဆည်းထားသော သတင်းအချက်အလက်အထောက်အထား မိတ္တူကို ယင်းအဖွဲ့အစည်းများထံမှ ရယူနိုင်သည်။

(င) အခန်း (၈) ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော သတင်းပို့အဖွဲ့ အစည်းကို အရေးယူဆောင်ရွက်မှုအစီအစဉ်များ ချမှတ်၍ ကျင့်သုံးနိုင်သည်။

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုများနှင့်သက်ဆိုင်သည့် စုံစမ်းစစ်ဆေးခြင်း၌ဖြစ်စေ၊ တရားစွဲဆိုတင်ပို့ခြင်း၌ဖြစ်စေ အခြား အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းတို့ကို ဆောင်ရွက် နိုင်သည်။

(ဆ) သတင်းပို့အဖွဲ့အစည်းများ၏ နိုင်ငံခြားလုပ်ငန်းခွဲများကဖြစ်စေ၊ ယင်းတို့က အများစုပိုင်ဆိုင်မှု ရှိသည့် လက်အောက်ခံကုမ္ပဏီခွဲများကဖြစ်စေ၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တည်ဆဲပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများနှင့်သော်လည်းကောင်း ညီညွတ်သည့် အရေးယူ ဆောင်ရွက်မှုများကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်အတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိတို့ကို စိစစ်နိုင်သည်။

(ဇ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်စပ်နိုင်သော မည်သည့် လွှဲပြောင်းဆောင်ရွက်မှုနှင့် အချက်အလက်များကိုမဆို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်။

(ဈ) သတင်းပို့အဖွဲ့အစည်းများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက် ရာတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ပါဝင်ခြင်းအတွက် ကိုက်ညီသင့်လျော်မှုရှိသည့် စံနှုန်းသတ်မှတ်ချက်များ ထားရှိပြီး ကျင့်သုံး ဆောင်ရွက်နိုင်သည်။

(ည) ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်းနှင့် ဆက်လက်လုပ်ဆောင်မှုကို တားမြစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြခြင်း။

(ဋ) ဤဥပဒေအရ အရေးယူဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် စာရင်းဇယားများကို ထိန်းသိမ်းထားရှိရမည်။

၃၇။ ကြီးကြပ်ရေးအာဏာပိုင်သည် အခန်း (၈) ပါ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများ၏ ဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါကြီးကြပ်မှု သို့မဟုတ် အရေးယူဆောင်ရွက်မှုတစ်မျိုးမျိုးဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့် ရေးသားသတိပေးခြင်း၊

(ခ) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့် ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာများ တင်ပြစေခြင်း၊

(ဃ) အခြားသောသင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်း။

၃၈။ ကြီးကြပ်ရေးအာဏာပိုင်များသည် ပုဒ်မ ၃၇ အရ ချမှတ်ဆောင်ရွက်သည့် အရေးယူဆောင်ရွက်မှုများကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့သို့ သတင်းပို့ရမည်။

## အခန်း (၁၀)
## ငွေကြေး သို့မဟုတ် ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော်သယ်ယူပို့ဆောင်မှု

၃၉။ ဗဟိုအဖွဲ့က သတ်မှတ်သောတန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ကျော်လွန်သည့် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သောစာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ ဝင်ရောက်သူ သို့မဟုတ် ပြည်ပထွက်ခွာသူသည် ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ ပါရှိလျှင်သော်လည်းကောင်း၊ ပြည်တွင်းသို့ သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့်နည်းလမ်းဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း အကောက်ခွန်ဦးစီးဌာနသို့ တရားဝင်ကြေညာရမည်။

၄၀။ အကောက်ခွန်ဦးစီးဌာနသည် ပုဒ်မ ၃၉ နှင့်အညီ ကြေညာရန်ပျက်ကွက်သည့် သို့မဟုတ် လိမ်လည်ကြေညာသည့် ကိစ္စရပ်များကိုသော်လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သောပြစ်မှုများနှင့် ဆက်နွှယ်ပတ်သက်သည်ဟု သံသယရှိသောကိစ္စရပ်များတွင်သော်လည်းကောင်း ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ သို့မဟုတ် အဖိုးတန်သတ္တုနှင့်ကျောက်မျက်ရတနာများအချို့ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဖမ်းဆီးရန် လုပ်ပိုင်ခွင့်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်ရန် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သလို ကျင့်သုံးနိုင်သည်။

၄၁။ အကောက်ခွန်ဦးစီးဌာနသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို အောက်ပါအချက်များနှင့် အကောက်ခွန်နှင့်သက်ဆိုင်သည့် ဥပဒေများအရ သက်ဆိုင်သူများက လိုက်နာဆောင်ရွက်စေရေးအတွက် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များ ရှိစေရမည် -

(က) ပုဂ္ဂိုလ်များ၊ ယင်းတို့၏ဝန်စည်စလယ်များ၊ ယင်းတို့၏သယ်ယူပို့ဆောင်မှုနှင့် ချောစာပေးပို့မှုနည်းလမ်းများ သို့မဟုတ် ကုန်သေတ္တာများအပေါ် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်း၊

(ခ) လိမ်လည်ကြေညာခြင်း သို့မဟုတ် ကြေညာရန်ပျက်ကွက်ခြင်းများကို တွေ့ရှိလျှင်ဖြစ်စေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့် သံသယရှိလျှင်ဖြစ်စေ ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များထံမှ အဆိုပါငွေကြေး၊ ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏ ပိုင်ဆိုင်မှုမူလဇာစ်မြစ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်အသစ်များကို တောင်းခံခြင်း သို့မဟုတ် ရယူခြင်း။

၄၂။ ဤဥပဒေပြဋ္ဌာန်းချက်များအရ အကောက်ခွန်ဦးစီးဌာနက ရရှိထားသည့် သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနသို့ ပေးပို့ရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၃။ မည်သူမဆို ငွေကြေးခဝါချမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းငါးရာထိ ငွေဒဏ်ချမှတ်ရမည်။ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အား ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည်။

၄၄။ သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၁၈ မှ ပုဒ်မ ၂၅ အထိ၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့တည်းမဟုတ် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းတစ်ရာထိ ငွေဒဏ် ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့တည်းမဟုတ် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၆။ မည်သည့်သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူမဆို ပုဒ်မ ၃၂ အရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရာတွင် လိမ်လည်ဖော်ပြကြောင်း သို့မဟုတ် အချက်အလက်များဖုံးကွယ်ထားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

၄၇။ မည်သူမဆို ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ ပုဒ်မ ၃၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းသော်လည်းကောင်း၊ ပုဒ်မ ၄၀ အရ ငွေကြေး သို့မဟုတ် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများဆိုင်ရာ လိမ်လည်ကြေညာမှုကို ပြုလုပ်ခြင်းသော်လည်းကောင်း၊ အကောက်ခွန်အရာရှိ၊ အရာရှိ သို့မဟုတ် အာဏာပိုင်တစ်ဦးဦးထံ ထုတ်ဖော်ကြေညာရမည့်အချက်အလက်များကို ဖုံးကွယ်ခြင်းသော်လည်းကောင်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို သုံးနှစ်အထိ

ထောင်ဒဏ် ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်ကျပ်သန်းသုံးရာအထိ ချမှတ်ရမည်။

၄၈။ မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ၎င်းအား ထုတ်ဆင့်သည့် ငွေကြေးနှင့်ပစ္စည်းများဆိုင်ရာ တားမြစ်မိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ် ချမှတ်ရမည်။

၄၉။ မည်သည့်ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ် ချမှတ်ရမည်။

၅၀။ မည်သည့်သတင်းပို့အဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာ၊ အရာရှိနှင့် ဝန်ထမ်းမဆို ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၁။ မည်သည့်စိစစ်ရေးအဖွဲ့ဝင် သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်မဆို ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာကို တောင်းခံခြင်း သို့မဟုတ် လက်ခံရယူခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်းမပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ဂ) ငွေကြေးခဝါချရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း၊

(ဃ) စာတမ်းအမှတ်အသားများအား ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ မမှန်မကန်ရေးသွင်းခြင်း။

၅၂။ တရားရုံးသည် -

(က) ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် အမှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းနှင့်ငွေကြေးကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့် ချမှတ်ရမည်။

(ခ) ချမှတ်သောဒဏ်ငွေ၏ ငါးရာခိုင်နှုန်းကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးရန်ပုံငွေသို့ ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေအရ ဒဏ်ငွေချမှတ်ခြင်းခံရသူက ပေးဆောင်ခြင်းမရှိလျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

## အခန်း (၁၂)

## နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

၅၃။ ဗဟိုအဖွဲ့သည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းဝင် နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် -

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာသတင်းဖလှယ်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလေ့ကျင့်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၁၃)

## တရားခံလွှဲပြောင်းပေးခြင်း

၅၄။ (က) ဤဥပဒေပါ ငွေကြေးခဝါချမှုကို တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုအဖြစ် သတ်မှတ်ရမည့်အပြင် တရားခံလွှဲပြောင်းရေးကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေအရ တရားခံလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသည့်နိုင်ငံ၏ ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အခြားစည်းကမ်းချက်များကို အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

၅၅။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ ဤဥပဒေပါ ငွေကြေးခဝါချမှုတစ်ရပ်ရပ်ကို ပြည်တွင်း၌ ကျူးလွန်သည့် တရားခံအား ပြည်ပသို့ လွှဲပြောင်းပေးရန်နှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရန် မေတ္တာရပ်ခံချက်တို့နှင့်စပ်လျဉ်း၍ -

(က) ဤဥပဒေနှင့်အကျုံးဝင်သည့် ငွေကြေးခဝါချမှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟု မှတ်ယူခြင်းမပြုရ။

(ခ) ယင်းမေတ္တာရပ်ခံချက်တွင် ဖော်ပြပါရှိသည့် ကျူးလွန်ခဲ့သော ငွေကြေးခဝါချမှုမှာ နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟူသော အကြောင်းပြချက်တစ်ခုတည်းဖြင့် ငြင်းပယ်ခြင်းမပြုရ။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက် ( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အမှတ် (၁) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ကြည်း ၂၇၄၇၇ ဒုတိယဗိုလ်မှူးကြီးဇော်ဟိန်းအား ပြည်သူ့လွှတ်တော်ရုံးတွင် ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၄)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အမှတ် (၈၅) ခြေလျင်တပ်ရင်းမှ ကြည်း ၃၂၂၉၈ ဗိုလ်မှူးအောင်ကိုဝင်းအား ပြည်သူ့လွှတ်တော်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၄)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အမှတ် (၇၄) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ကြည်း ၃၂၁၆၁ ဗိုလ်မှူးလွင်ကိုဦးအား ပြည်သူ့လွှတ်တော်ရုံးတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၄)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အောက်ပါအရာရှိများအား ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး/လစာနှုန်းထား |
|---|---|---|
| ၁။ | ကြည်း ၂၇၄၀၅<br>ဗိုလ်ကြီးကျော်မင်းထွဋ်<br>တပ်မတော်ဗိုလ်ရွေးအဖွဲ့ | ဦးစီးအရာရှိ<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၂။ | ကြည်း ၂၈၇၁၃<br>ဗိုလ်ကြီးညွန့်လင်း<br>တပ်မတော်ဗိုလ်ရွေးအဖွဲ့ | ဦးစီးအရာရှိ<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၃။ | ကြည်း ၂၉၅၈၉<br>ဗိုလ်ကြီးမျိုးမင်းသူ<br>အမှတ် (၁) အခြေချဆေးသိုလှောင်ရေးတပ် | ဦးစီးအရာရှိ<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၄။ | ကြည်း ၂၉၉၀၈<br>ဗိုလ်ကြီးစိုင်းဆမ်<br>တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ | ဦးစီးအရာရှိ<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| ၅။ | ကြည်း ၃၆၆၀၈<br>ဗိုလ်ကြီးလှမျိုး<br>အမှတ် (၁၄၈) ခြေလျင်တပ်ရင်း | ဦးစီးအရာရှိ<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဦးလွင်ကိုဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၄)

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါအရာထမ်း (၅) ဦးတို့အား ယှဉ်တွဲဖော်ပြပါ တစ်ဆင့်မြင့်ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဦးကျော်မင်းထွဋ် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂။ | ဦးညွန့်လင်း | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၃။ | ဦးမျိုးမင်းသူ | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၄။ | ဦးစိုင်းဆမ် | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၅။ | ဦးလှမျိုး | ဦးစီးအရာရှိ | လက်ထောက်ညွှန်ကြားရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒေါ်ခင်မာအေးအား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄) ကို ရည်ညွှန်း၍ ဒေါ်ခင်မာအေးသည် လက်ထောက်ညွှန်ကြားရေးမှူး၏ အလုပ်တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ညနေပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ အဆိုပါအရာထမ်း (၁) ဦးအား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၄၀,၀၀၀/- ကို မူလအခြေခံ နည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၁ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အမှတ် (၆၀၇) ဒုံးတပ်ရင်း ကြည်း ၃၇၄၇ ဗိုလ်မှူးဝင်းဇော်လတ်အား ပြည်သူ့လွှတ်တော်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၄) ကို ရည်ညွှန်း၍ ဦးဝင်းဇော်လတ်သည် ဒုတိယညွှန်ကြားရေးမှူး၏ အလုပ်တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ အဆိုပါ အရာထမ်း (၁) ဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၆၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၄) ကို ရည်ညွှန်း၍ အောက်ပါအရာထမ်း (၃) ဦးတို့သည် ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးကျော်ကျော်ဌေး

(ခ) ဒေါက်တာထူးမောင်

(ဂ) ဦးအောင်ကိုဝင်း

၂။ အဆိုပါအရာထမ်း (၃) ဦးတို့အား ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၈၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

**စစ်ရာထူးခန့်ချုပ်ရုံး**

**(ရေတပ်ဌာနခွဲ)**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် )

အမှတ်စဉ် ၄/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**

**စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | သန်းဦး | ရေ | ၅၀၈၅ |
| (၂) | စိန်ဝင်း | ရေ | ၅၀၈၆ |
| (၃) | ခင်မောင်ဝင်း | ရေ | ၅၀၈၈ |
| (၄) | ရဲမြင့်အောင် | ရေ | ၅၀၈၉ |
| (၅) | သိန်းထွန်း | ရေ | ၅၀၉၀ |

**စက်မှုလက်မှုဌာနခွဲ**

(၆) မြင့်ဦး ရေ ၅၀၈၇

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် )

အမှတ် ၁၅၇/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) သန်းစိုး ကြည်း ၆၇၁၅၇

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

အမှတ် ၄/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) သောင်းဝင်း ကြည်း ၆၇၁၅၈
(၂) ဝင်းသိန်း ကြည်း ၆၇၁၅၉

အမှတ် ၅/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) ဝင်းမောင် ကြည်း ၆၇၁၆၀
(၂) တင်ဦး ကြည်း ၆၇၁၆၁

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

အမှတ် ၆/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ

သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) သန်းဝင်း ကြည်း ၆၇၁၆၂

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

အမှတ် ၉/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) အောင်ကျော်မြင့် ကြည်း ၆၇၁၆၃

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

အမှတ် ၁၂/၂၀၁၄ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) တင်မြင့် ကြည်း ၆၇၁၆၄

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )

အမှတ် ၁၄/၂၀၁၄ ။ ။ အောက်ဖော်ပြပါ တက္ကသိုလ်များမှ ကျောင်းဆရာများအား ကာကွယ်ရေး ဌာနကောင်စီ ညွှန်ကြားလွှာအမှတ်၊ ၂/၈၇ အရ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှအစပြု၍ တက္ကသိုလ် လေ့ကျင့်ရေးတပ်များတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| အမှတ်စဉ် | ရာထူး | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|---|
| ၁ | ပါမောက္ခ (ဌာနမှူး) | ဒေါက်တာကျော်ဆွေ | တကသ-၆၅ |
| ၂ | လက်ထောက်ကထိက | ဦးကျော်ကျော်ညီ | တကသ-၆၆ |
| ၃ | ကထိက | ဦးခင်မောင်လှ | တကသ-၆၇ |
| ၄ | ကထိက | ဦးခင်မောင်မြင့် | တကသ-၆၈ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၈ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ထက်တိုး ကုမ္ပဏီလီမိတက်

### HTET TOE COMPANY LIMITED

ဒါရိုက်တာအဖွဲ့ဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ထက်တိုး ကုမ္ပဏီလီမိတက် (HTET TOE COMPANY LIMITED)** အား (၁-၂-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သင်းသီရိဗို (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မေလ (၁၆) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U TOE MYINT
MANAGING DIRECTOR
HTET TOE COMPANY LIMITED

ဒေါ်သင်းသီရိဗို
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Aung Setkyar (9) Trading Company Limited

ဖျက်သိမ်းရန်ကြေညာချက်

၁။ **Aung Setkyar (9) Trading Company Limited** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၉-၄-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၆၁/ခ)၊ (၅) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဆန်းထွန်း [၁၂/သလန (နိုင်) ၀၃၃၂၅၉] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဆန်းထွန်းထံ ဆက်သွယ် ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

ဦးဟန်တင့်
မန်နေးဂျင်းဒါရိုက်တာ
Aung Setkyar (9) Trading Company Limited

ဦးဆန်းထွန်း
B.Com, C.P.A, F.B.S.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Aung Setkyar (9) Trading Company Limited
(ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

## မြန်မာရွှေစု ကုမ္ပဏီလီမိတက်

## MYANMAR SHWE SU CO., LTD

၂၀၁၄ ခုနှစ်၊ ဧပြီလ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူး အစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာရွှေစု ကုမ္ပဏီလီမိတက် (MYANMAR SHWE SU CO., LTD)** အား (၁၄-၄-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်း ရှင်းလင်းဖျက်သိမ်းရာတွင် ဦးစိုးမြင့် (B.A, R.A, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့် ရရန်ရှိနှင့်ပေးရန်ရှိသည်များကို (၁၉-၅-၂၀၁၄) ရက်နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြော်ငြာ ပါသည်။

DAW YI YI LWIN
MANAGING DIRECTIOR
MYANMAR SHWE SU CO., LTD

Soe Myint & Firm
B.A, R.A, C.P.A
Reg : N-372
Audit Firm Leader
No. 113, 3rd Fl, 49th St, Puzundaung Tsp, Yangon.
Tel : 293583

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၁၈-၄-၂၀၁၄။